# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ဒီဇင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၂၇)၊ ၁၃၈၇ ခုနှစ် ၊ တန်ခူးလပြည့်ကျော် ၅ ရက်၊ ၆–၄–၂၀၂၆၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။





ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

## ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

## အခက်အခဲမျိုးစုံကြားမှ နိုင်ငံတော်ပြန်လည်တည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် သစ္စာရှိရှိ၊ ရိုးရိုးသားသား၊ တက်တက်ကြွကြွဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားဆောင်ရွက်ခဲ့ကြသည်ကို အသိအမှတ်ပြု

**နေပြည်တော် ဧပြီ ၅**

ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥက္ကဋ္ဌရုံးသဘင်ဆောင်ခန်းမ၌ ကျင်းပပြုလုပ်ရာ ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်များ ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် အဆင့်တူပုဂ္ဂိုလ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ☆

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းမည်

**နေပြည်တော် ဧပြီ ၅**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

၂၀၂၆ ခုနှစ်၊ ဧပြီ ၆ ရက်၊ တနင်္လာနေ့။

မန္တလေး

# အချိန်ရှိခိုက် လုံ့လစိုက်၍ ကြိုးပမ်းအားထုတ်မှသာ တန်ဖိုးရှိသောဘဝကို တည်ဆောက်နိုင်မည်

လူတိုင်းလူတိုင်း အောင်မြင်မှုများကို ရရှိပိုင်ဆိုင်နိုင်ရန် ကြိုးပမ်းကြရင်း လူ့ဘဝကို ဖြတ်သန်းနေကြရသည်။ အောင်မြင်မှုကို လူသားတိုင်းရရှိလိုကြသည်။ သို့သော် အောင်မြင်မှုကို ရယူလျှင် ဉာဏ်ဝီရိယကြီးစွာ စိုက်ထုတ်လုပ်ဆောင်ကြိုးစားနေမှ ရရှိနိုင်မည် ဖြစ်သည်။ လောကတွင် ဉာဏ်ဝီရိယစိုက်ထုတ်လုပ်ဆောင်လျှင် အရာရာအောင်မြင်နိုင်မည်ဖြစ်သည်။ အောင်မြင်မှုဟူသော အကျိုးတရားကို ရရှိပိုင်ဆိုင်နိုင်ရန် ကြိုးစားအားထုတ်မှုဟူသော အကြောင်းတရား ရှိရှိစမြဲဖြစ်သည်။ လုံ့လ၊ ဝီရိယ စိုက်ထုတ်၍ ကြိုးစားလုပ်ဆောင်ပါက အောင်မြင်မှုရရှိနိုင်သော်လည်း လုံ့လ၊ ဝီရိယမရှိပါက အောင်မြင်မှုပန်းတိုင်နှင့် လွဲချော်နေမည်သာဖြစ်သည်။ထို့ကြောင့် အချိန်ရှိခိုက်လုံ့လ၊ ဝီရိယစိုက်၍ ကြိုးစားအားထုတ်မှသာ တန်ဖိုးရှိသောဘဝကို တည်ဆောက်သွားနိုင်မည်ဖြစ်သည်။

ထို့အပြင်ပျင်းရိခြင်းသည် လုံ့လ၊ ဝီရိယ၏ ဆန့်ကျင်ဘက် ဖြစ်သည်။ ပျင်းရိခြင်းသည် လူတိုင်းအတွက် ကိုယ်ရည်ကိုယ်သွေးကို ဖျက်ဆီးပစ်နေသော အဖျက်တရားဖြစ်၍ ဤအဖျက်တရားကို မိမိတို့ အလေ့အကျင့် စရိုက်သဘာဝထဲသို့ ဝင်ရောက်မလာနိုင်အောင် အစဉ်သတိမူ တားဆီးကြရမည်ဖြစ်သည်။

လောကတွင် အရွယ်သုံးပါးရှိပြီး "ပထမအရွယ်တွင် ပညာရှာ၊ ဒုတိယအရွယ်တွင် ဥစ္စာရှာ၊ တတိယအရွယ်တွင် တရားရှာ"ဟူ၍ ပညာရှိတို့က သတ်မှတ်ထားသည်။ ထို့ပြင် ပျင်းရိသောသူသည် အတတ်ပညာမရနိုင်၊ အတတ်ပညာမရှိသူသည် ဥစ္စာမရနိုင်၊ ဥစ္စာမရှိသူသည် မိတ်ဆွေမရနိုင်၊ မိတ်ဆွေမရှိသူသည် ချမ်းသာသုခ မရနိုင်၊ ချမ်းသာသုခမရှိသူသည် ကုသိုလ် မရနိုင်၊ ကုသိုလ်မရှိသူသည် နိဗ္ဗာန်မရနိုင် စသည်တို့သည် ဒွန်တွဲလျက်ရှိသည်။

ငယ်ရွယ်စဉ်အခါ ပညာသင်ယူခွင့်ရပါလျက် မသင်ယူဘဲ ပျော်ပါးပေါ့တန်စွာ နေသောသူသည် လူ့ဘုံအလယ်တွင် စကားမပြောနိုင်ဘဲ နှုတ်ဆိတ်နေရလိမ့်မည်ဟု အင်းဝခေတ် စာဆို ရှင်မဟာရဋ္ဌသာရက မိန့်ဆိုခဲ့ဖူးသည်။ ဤသည်မှာ "ဝိဇ္ဇာသိပ္ပ၊ လူကိစ္စကို၊ ငယ်ကမသင် ပျော်ပါးလွင်မူ၊ အကြင်သူအား၊ စကားချေတင် သဘင်မပြူ၊ ခံတွင်းမဲ့သို့၊ ချိုတဲ့ပညာ၊ ညို့မျက်နှာနှင့်၊ ရွံရှာလန့်ထိတ်၊ အသံဆိတ်၏" ဟု ကိုးခန်းပျို့တွင် ထောက်ပြထားသည်။

ထို့အပြင် လူ့ဘဝသည် ရခဲလှပြီး တန်ဖိုးရှိသည်။ လူ့ဘဝသည်သာ အရာရာကို ဆောင်ရွက်နိုင်မည်သာဖြစ်သည်။ အရာရာကိုလည်း ဖန်တီးနိုင်မည်ဖြစ်သည်။ အမှုကိစ္စဟူသမျှတို့ကို ပြုလုပ်နိုင်မည်ဖြစ်သည်။ အများအကျိုး၊ တိုင်းပြည်အကျိုး ဆောင်ရွက်နိုင်မည်ဖြစ်သည်။ လူသားတိုင်း ပြုမူဆောင်ရွက်သင့်သည်များကို ပြောင်းလဲနေသော အချိန်နှင့်လိုက်ဖက်ညီစွာ လုံ့လစိုက်ထုတ်က ဆောင်ရွက်သင့်သည်။ အရာအားလုံးသည်လည်း အချိန်တိုင်းတွင် ပြောင်းလဲနေလေ့ရှိသည်။ ထို့ကြောင့် လူသားတိုင်း တန်းတူရရှိထားသည့် အဖိုးတန်သော အချိန်ကို မဖြုန်းတီးဘဲ အကျိုးရှိစွာ အသုံးချသင့်သည်။ ရရှိထားသည့်အချိန်ကို ခွဲခြားပိုင်းဖြတ်ပြီး အလုပ်လုပ်တတ်လျှင် တိုးတက်မှုအကျိုးကို ခံစားရမည်ဖြစ်သည်။

သို့ဖြစ်ရာ အချိန်ရှိခိုက်လုံ့လစိုက်၍ ကြိုးပမ်းအားထုတ်မှသာ တန်ဖိုးရှိသော ဘဝဖြစ်မည်။ တန်ဖိုးရှိသောဘဝကို မိမိအတွက်၊ မိမိအသိုက်အဝန်းအတွက်၊ မိမိနိုင်ငံအတွက် ကောင်းအောင် လုံ့လစိုက်မှသာ မျှော်မှန်းသည့်အတိုင်း ဖြစ်လာနိုင်မည်။ အဓိကမှာ လုပ်ချင်ကိုင်ချင်သော ပြင်းပြသည့် စိတ်ဆန္ဒရှိဖို့သာ လိုအပ်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

## အကောက်ခွန်ဦးစီးဌာနက မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း လုပ်ငန်းများ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာချက်

- ➢ အကောက်ခွန်ဦးစီးဌာနသည် မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း အကောက်ခွန်လုပ်ငန်းများ လွယ်ကူလျင်မြန်စေရေး အလေးထားဆောင်ရွက်လျက်ရှိပါသည်။
- ➢ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် အပြည်ပြည်ဆိုင်ရာလေကြောင်းများမှတစ်ဆင့် တင်သွင်း/ တင်ပို့မည့် ကုန်ပစ္စည်းများအား မဟာသင်္ကြန်ရုံးပိတ်ရက်ဖြစ်သော (၁၁-၄-၂၀၂၆)၊ (၁၃-၄-၂၀၂၆)၊ (၁၄-၄-၂၀၂၆) နှင့် (၁၅-၄-၂၀၂၆) ရက်နေ့တို့တွင် ရုံးချိန်ပြည့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။
- ➢ ထို့ပြင် နိုင်ငံတော်လိုအပ်ချက်အရ အရေးတကြီးတင်သွင်းလာသောပစ္စည်းများ ထုတ်ယူနိုင်ရေးအတွက် ကြိုတင်လျှောက်ထားပါက တင်သွင်း/ တင်ပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။
- ➢ အချိန်ပို (Overtime) ဆောင်ရွက်လိုသော ကုမ္ပဏီများအနေဖြင့် တင်သွင်း/ တင်ပို့လိုသော ကုန်ပစ္စည်းများနှင့်ပတ်သက်၍ အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန်နှင့်ပတ်သက်သော Deposit ငွေလုံလောက်စွာထားရှိသွားရန်နှင့် အချိန်ပိုလုပ်ငန်းဆောင်ရွက်လိုမှုအား (၁၀-၄-၂၀၂၆) ရက်နေ့၊ (၁၄:၀၀) အချိန်ထက်နောက်မကျဘဲ အကောက်ခွန်ဦးစီးဌာနသို့ လျှောက်ထားရမည်ဖြစ်ပါသည်။
- ➢ Asia World ဆိပ်ကမ်းတွင် အကောက်ခွန်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြန်မာနှစ်ဆန်း(၁)ရက်နေ့မှအပ ကျန်ရုံးပိတ်ရက်များတွင် ပို့ကုန်ကုန်သေတ္တာများ စစ်ဆေးတင်ပို့မှုအား အချိန်ပို (Overtime) ဆောင်ရွက်ပေးရန် လျှောက်ထားလာပါက အဆိုင်း(၃)ဆိုင်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။
- ➢ လက်ရှိလုပ်ငန်းဆောင်ရွက်လျက်ရှိသော နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် ကုန်သွယ်ရေးလမ်းကြောင်းပေါ်ရှိ မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးတို့တွင် သင်္ကြန်ကာလအတွင်း ပိတ်ရက်မရှိ လုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။
- ➢ ကုန်ပစ္စည်းများ တင်သွင်း/ တင်ပို့ရာတွင် အခက်အခဲများရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်-

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူး (ထုတ်/သွင်း) | - ၀၉-၂၅၀၂၅၄၂၀၈ |
| (ခ) | ညွှန်ကြားရေးမှူး (ကာကွယ်ရေး) | - ၀၉-၅၀၆၆၅၆၉ |
| (ဂ) | ဒုတိယညွှန်ကြားရေးမှူး (ထုတ်ကုန်) | - ၀၉-၇၈၅၀၅၅၄၅၆ |
| (ဃ) | ဒုတိယညွှန်ကြားရေးမှူး (သွင်းကုန်) | - ၀၉-၇၈၅၄၁၄၄၃၃ |
| (င) | ဒုတိယညွှန်ကြားရေးမှူး (ကာကွယ်ရေး) | - ၀၉-၄၄၅၁၇၉၆၉၈ |
| (စ) | ဒုတိယညွှန်ကြားရေးမှူး (လေဆိပ်) | - ၀၉-၅၄၀၈၉၅၇ |

အကောက်ခွန်ဦးစီးဌာန

## မန်းရွှေစက်တော်ဘုရားပွဲ၌ ဘုရားဖူးပြည်သူ ၁၈၀၀၀၀ ကျော် လာရောက်ဖူးမြော်

**မင်းဘူး ဧပြီ ၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူး (စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားပွဲတွင် ဘုရားဖူးပြည်သူ ယနေ့အထိ ၁၈၇၁၁၈ ဦး လာရောက်ဖူးမြော်လျက်ရှိကြောင်း ရွှေစက်တော်ဂေါပကအဖွဲ့ထံမှ သိရသည်။

မန်းရွှေစက်တော်ရာ ဘုရားပွဲ ကို နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်ကစပြီး မြန်မာနှစ်ဆန်း ၁ ရက်အထိ (၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်မှ ဧပြီ ၁၇ ရက်အထိ) ရက်ပေါင်း ၈၆ ရက်ကြာကျင်းပ လျက်ရှိကြောင်း၊ ပွဲတော်ကာလစနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်ရှည်များအပါအဝင် ဧပြီ ၄ ရက်နေ့အထိ ၁၈၇၁၁၈ ဦးခန့် လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားဖူးပြည်သူများအား တည်းခိုဆောင်များတွင် စိတ်အေးချမ်းသာစွာ တည်းခိုနားနေနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပြီး ရန်ကုန်၊ မန္တလေးမြို့ကြီးများ အပါအဝင် မြန်မာတစ်နိုင်ငံလုံးရှိ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး ခရီးသွားကားများအပြင် ကိုယ်ပိုင်ကားများဖြင့် လာရောက်ဖူးမြော်ကြကြောင်း နေ့စဉ်ယာဉ်ဝင်၊ ထွက်မှုအနေဖြင့် ကားကြီး၊ လတ်၊ ငယ်အစီးရေပေါင်း ၁၇၂၅၉ စီးနှင့် မော်တော်ဆိုင်ကယ် ၁၃၀၄ စီးဖြင့် လာရောက်ဖူးမြော်ကြပြီး ယခင်နှစ်ဘုရားပွဲတော်ကာလထက် ပို၍ စည်ကားခဲ့ကြောင်း၊ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များနှင့် အစိုးရရုံး ပိတ်ရက်ရှည်ကာလများတွင် တည်းခိုဆောင်အခန်းများ ပြည့်သည်အထိ လာရောက်ခဲ့ကြကာ သင်္ကြန်ပွဲတော်အပြီး နှစ်ဆန်း ၁ ရက်နေ့၌ ပွဲတော် ပိတ်သိမ်းမည်ဖြစ်ရာ ဘုရားပွဲတော်ရာသီ ပိတ်သိမ်းချိန် နီးလာလေလေ ပိုမိုစည်ကားလေဖြစ်ကြောင်း မန်းရွှေစက်တော်ရာ ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအေးကိုက ပြောသည်။

(၅၀၄)

၀-၀-၀-၀-၀

## အခြေခံစားသောက်ကုန်များအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

**ကျောက်ဆည် ဧပြီ ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဦးဆောင်၍ ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းနှင့် အသားငါးဒိုင်များ ပူးပေါင်း၍ ယနေ့ နံနက် ၇ နာရီက နည်းပညာတက္ကသိုလ် (ကျောက်ဆည်)၌ ပြည်သူ့သက်သာဈေး ဖွင့်လှစ်၍ အခြေခံစားသောက်ကုန်များအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့သည်။

ထိုသို့ ရောင်းချရာ၌ စား အုန်းဆီ ပိဿာ ၁၀၀၊ ဝက်သား ၃၅ ပိဿာ၊ အမဲသား ၂၅ ပိဿာ၊ ဆိတ်သား ၁၅ ပိဿာတို့အား ရောင်းချပေးခဲ့ရာ နည်းပညာတက္ကသိုလ်(ကျောက်ဆည်)မှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစု စုစုပေါင်း ၁၈၀ ဦးခန့် လာရောက် ဝယ်ယူကြောင်း သိရသည်။

**ထက်ထက်(ကျောက်ဆည်)**

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

☆ ရှေ့ဖုံးမှ

ဦးစွာ ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အဆိုပါအချိန်က အစိုးရဖြစ်နေသည့် အနိုင်ရပါတီသည် မဲလိမ်မဲခိုးမှု၊ မသမာမှုများနှင့် နိုင်ငံတော်အာဏာကို အဓမ္မရယူရန် ကြိုးစားခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်ကို ယူခဲ့ရသည်မှာ အမှန်တရားဖြစ်ပြီး အားလုံးလည်း သိပြီးဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကို အရေးပေါ်ကာလ သတ်မှတ်ပြီး စိန်ခေါ်မှုမျိုးစုံနှင့် အခက်အခဲများကြားမှ နိုင်ငံတော်တာဝန်ကို ယူခဲ့ကြခြင်းဖြစ်ကြောင်း၊ ကမ္ဘာနှင့်တစ်ဝန်း ပျံ့နှံ့နေသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုးကြီးနှင့် စတင်ရင်ဆိုင်ခဲ့ရပြီး တစ်ဆက်တည်း၌ပင် အဖြစ်မှန်ကို မသိ၊ သိဖို့လည်းမကြိုးစား၊ အဖျက်အမှောင့်ပယောဂများကို အခြေခံသည့် ဆူပူအကြမ်းဖက်မှုများ တစ်နိုင်ငံလုံးတွင် ပျံ့နှံ့ ဖြစ်ပေါ်ခဲ့ကြောင်း၊ **"တောမီးလောင် တောကြောင်လက်ခမောင်းခတ်"** ဆိုသကဲ့သို့ မူလကတည်းက စိတ်သဘောထားမမှန်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း တချို့ကလည်း မီးလောင်ရာလေပင့် ဆူပူအကြမ်းဖက်မှုများကို အားပေးမြှင့်တင်ပြီး တိုက်ပွဲများ ဖော်ဆောင်လာခဲ့ခြင်းကြောင့် အစိုးရနှင့် ပြည်သူများအားလုံး ဆင်းရဲဒုက္ခများစွာဖြင့် ခက်ခဲပင်ပန်း ကြမ်းတမ်းခဲ့ကြရကြောင်း။

တစ်ဆက်တည်း၌ပင် မိုခါမုန်တိုင်း၊ ရာဂီမုန်တိုင်းနှင့်အင်အားပြင်း မန္တလေးငလျင်ကြီးတို့၏ သဘာဝ ဘေးအန္တရာယ်ကို ဆက်တိုက်ဆိုသကဲ့သို့ ခံစားခဲ့ကြရကြောင်း၊ ထိုသို့ ဆူပူအကြမ်းဖက်မှုများနှင့် အင်အားကြီးမားသည့် သဘာဝ ဘေးအန္တရာယ်များကြောင့် ပြည်သူအများအပြား သေဆုံးဒဏ်ရာရ၊ ထိခိုက်ဆုံးရှုံးမှုများရှိသကဲ့သို့ ဖွံ့ဖြိုးတိုးတက်စပြုနေပြီဖြစ်သည့် အရှိန်အဟုန်များလည်း ရပ်တန့်သွားပြီး ရှိပြီးသားအခြေခံအဆောက်အအုံ အများအပြားသည်လည်း ပျက်စီးသွားခဲ့ကြောင်း။ **စာမျက်နှာ ၄ သို့** ☆



ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား ဂုဏ်ပြု အထိမ်းအမှတ်လက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောအား ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်အား ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသိန်းကိုကိုအား ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မိုးမြင့်အား ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။

☆ စာမျက်နှာ ၃ မှ

ထိုသို့ နိုင်ငံတော်အနေဖြင့် အခက်အခဲမျိုးစုံကို ရင်ဆိုင်နေရသကဲ့သို့ အဆိုပါ အခက်အခဲအန္တရာယ်များကြောင့် နိုင်ငံ့စီးပွားရေးသည်လည်း ကျဆင်းလာခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးပြန်လည်ဦးမော့လာရန် အခြေခံများကို ခက်ခက်ခဲခဲ ကြိုးစားရုန်းကန်ဆောင်ရွက်ခဲ့ကြရကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် နိုင်ငံနှင့်ပြည်သူများအတွက် စွန့်လွှတ်စွန့်စားစွာ တာဝန်ထမ်းဆောင်ခဲ့ကြသူများ၊ နိုင်ငံတော်နှင့် ပြည်သူလူထုကို သစ္စာစောင့်သိပြီး တာဝန်ကျေခဲ့သည့်သူများ အများအပြားရှိခဲ့ကြသဖြင့် ယခုကဲ့သို့ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်စအခြေအနေကို ပြန်လည်ရောက်ရှိခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် ပူးပေါင်းပြီး စွန့်လွှတ်စွန့်စားစွာဖြင့် အန္တရာယ်ကိုမမှုဘဲ ရဲရဲဝံ့ဝံ့ဆောင်ရွက်ခဲ့ကြသူ အားလုံးကို ယခုနေရာမှ ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းနှင့် ကျေးဇူးအထူးတင်ရှိသည်ကို ဂုဏ်ပြုစကား ပြောကြားလိုကြောင်း။

ထိုသို့ ဆောင်ရွက်ခဲ့ကြရာတွင် အစိုးရ၏ ဦးစီးဦးဆောင်မှုသည် အရေးကြီးသကဲ့သို့ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုသည်လည်း အဓိကကျကြောင်း၊ နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဒေသအလိုက်၊ ကဏ္ဍအလိုက် ချမှတ်ပေးထားသည့် ဦးတည်ချက်များ၊ ရည်မှန်းချက်များကိုအောင်မြင်အောင် ဆောင်ရွက်ရသည်မှာ လွယ်ကူသည့် အလုပ်မဟုတ်ကြောင်း၊ သာမန်အချိန်၌ပင် မလွယ်ကူသည့် တာဝန်များကို ယခုကဲ့သို့ အခက်အခဲမျိုးစုံကြားမှ လုပ်ဆောင်ရခြင်းသည် ပိုမိုခက်ခဲကြမ်းတမ်းပါကြောင်း၊ တော်ရုံတန်ရုံစိတ်ဓာတ်မျိုး၊ ဝတ်ကျေတန်းကျေ လုပ်ဆောင်မှုမျိုးဖြင့် အောင်မြင်မှုရမည် မဟုတ်ဘဲ လက်ရှိအခြေအနေကိုရောက်မလာနိုင်ကြောင်း။

## ❖ နိုင်ငံတော်၊ အစိုးရနှင့်ပြည်သူလူထုကို သစ္စာစောင့်သိပြီး တာဝန်ကျေပွန်စွာဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများကို မိမိအနေဖြင့် လေးလေးစားစား အသိအမှတ်ပြု

အားလုံးသိသည့် အတိုင်းမည်သည့် လုပ်ငန်းတွင်မဆို ခေါင်းဆောင်မှုသည် အဓိကကျကြောင်း၊ ဦးစီးဦးဆောင်အကောင်အထည်ဖော်ကြရသည့် အကြီးအကဲများ၏ တာဝန်သည် အလွန်အရေးကြီးကြောင်း၊ မိမိတို့တာဝန်ယူစဉ်ကာလတွင် ချမှတ်ခဲ့သည့် ဦးတည်ချက်များ၊ ရည်မှန်းချက်များ၊ အမျိုးသားရေးတာဝန်များကို မိမိနှင့်အတူ ယုံယုံကြည်ကြည်၊ ကြိုးစားပမ်းစား စိတ်ရင်းစေတနာကောင်းများဖြင့် အကောင်အထည်ဖော်ပေးကြသည့် မိမိ၏ လုပ်ဖော်ကိုင်ဖက်များဖြစ်သည့် ယခုတက်ရောက် လာကြသူများအားလုံးကို မိမိအစဉ်အမြဲ သတိရနေမည်ဖြစ်ကြောင်း၊ လေးလေးစားစားဖြင့်ဂုဏ်ယူပြီး အသိအမှတ်ပြု ကျေးဇူးတင်နေမည်ဖြစ်ကြောင်းကိုလည်း ပြောကြားလိုကြောင်း။

ခေါင်းဆောင်မှုသည် နေရာတိုင်း၌ အရေးကြီးသည်ကို မိမိပြောခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့ တာဝန်ယူခဲ့သည့် ငါးနှစ်တာကာလအတွင်း၌ အချို့အကြီးအကဲများနှင့် ခေါင်းဆောင်မှုတာဝန်ယူထားသူအချို့သည် တိုင်းပြည်နှင့် လူမျိုးအပေါ် တာဝန်ပျက်ကွက်ခြင်း၊ ပေါ့ဆမှုနှင့် လုပ်ဆောင်မှု လွဲမှားခြင်းများနှင့် လုပ်ထုံးလုပ်နည်းနှင့် မညီသည်များ အချို့ရှိခဲ့သည်ကို စိတ်မကောင်းစွာ ကြုံတွေ့ခဲ့ရကြောင်း၊ ထို့ကြောင့်လည်း အခက်အခဲကြားက နိုင်ငံကိုတည်ဆောက်ရာတွင် မဖြစ်သင့် မဖြစ်ထိုက်သည်များ မဖြစ်ရအောင် ထိန်းထိန်းသိမ်းသိမ်းဖြင့် မလွဲမရှောင်သာ ဆောင်ရွက်ရခြင်း၊ လက်တွဲဖြုတ်ခဲ့ရခြင်းများ ရှိခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ထိုသို့ လူပုဂ္ဂိုလ်များကြားမှ ယခုအခမ်းအနားကို တက်ရောက်ပေးကြသည့် ပုဂ္ဂိုလ်များသည် မိမိတို့တာဝန်ယူခဲ့သည့် ငါးနှစ်တာကာလ အစအဆုံးတွင် ပေးအပ်သည့် တာဝန်များကို သစ္စာရှိရှိဖြင့် ကျေပွန်အောင် ကြိုးစားထမ်းဆောင်ခဲ့သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့်လည်း မကြာမီရက်ပိုင်းအတွင်း၌ နိုင်ငံတော်ကို ဒီမိုကရေစီစနစ်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်မည့် အစိုးရသစ်ကို သင့်တင့်ကောင်းမွန်သည့် အခြေခံများဖြင့် လွှဲပြောင်းပေးနိုင်တော့မည် ဖြစ်ကြောင်း၊ ထိုသို့ **နိုင်ငံတော်၊ အစိုးရနှင့် ပြည်သူလူထုကို သစ္စာစောင့်သိပြီး တာဝန်ကျေပွန်စွာဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများကို မိမိအနေဖြင့် လေးလေးစားစား အသိအမှတ်ပြု**ကြောင်း။

စာမျက်နှာ ၅ သို့ »»

# နိုင်ငံတော်အတွက် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သဖြင့် အနာဂတ် မျိုးဆက်သစ်လူငယ်များ အတွေ့အကြုံ ရရှိစေရေးအတွက်လည်း ဆက်လက်မွေးထုတ်ပေးသွားကြရမည်

»»» စာမျက်နှာ ၄ မှ

မိမိကိုယ်တိုင်လည်း ဦးစီးဦးဆောင် အကြီးအကဲဖြစ်သဖြင့် ယခု ၅ နှစ်တာကာလ၏ အခက်အခဲများ၊ အန္တရာယ်များ၊ အကျပ်အတည်းများကို သိရှိပြီးဖြစ်သကဲ့သို့ ကိုယ်ချင်းလည်းစာနာမိကြောင်း၊ ထိုအထဲမှ ကြိုးကြိုးစားစားဖြင့် သစ္စာရှိရှိ၊ တာဝန်ကျေကျေ၊ အပြစ်ကင်းကင်း ဆောင်ရွက်ခဲ့ကြသည် များကို လေးလေးစားစား အသိအမှတ်ပြုမှတ်တမ်းတင်လိုသဖြင့် ယခု အခမ်းအနားကိုကျင်းပပြီး ဂုဏ်ပြုခြင်းဖြစ်ကြောင်း။

## အသိအမှတ်ပြု

အခက်အခဲမျိုးစုံကြားမှ နိုင်ငံတော် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် သစ္စာရှိရှိ၊ ရိုးရိုးသားသား၊ တက်တက်ကြွကြွဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစား ဆောင်ရွက်ခဲ့ကြသည်ကို အသိအမှတ်ပြုကြောင်း၊ မိမိ၏ ဦးဆောင်မှုအောက်တွင် ယုံယုံကြည်ကြည်၊ ရဲရဲဝံ့ဝံ့၊ စွန့်လွှတ်စွန့်စားလုပ်ဆောင်ခဲ့ကြသည်များကို မှတ်တမ်းတင်ဂုဏ်ပြုကြောင်း၊ တာဝန် ထမ်းဆောင်စဉ်ကာလတွင် ကိုယ်ကျိုးမဖက်၊ အတ္တကင်းကင်းဖြင့် နိုင်ငံနှင့်ပြည်သူ အကျိုးကို အမျိုးသားရေးစိတ်ဓာတ် အပြည့်ဖြင့် စည်းလုံးညီညွတ်စွာ ပူးပေါင်း ဆောင်ရွက်မှုများကို ကျေးဇူးတင်ကြောင်း၊ မိမိတို့ တစ်တွေသည် မြန်မာနိုင်ငံ၏ သမိုင်းတွင် နိုင်ငံ၏အန္တရာယ် ရန်စွယ်ကျမည့် အချိုးအကွေ့တစ်ခုကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်နိုင်ခဲ့ပြီး နိုင်ငံကို မူလရည်မှန်းသည့် ဒီမိုကရေစီ လမ်းကြောင်းပေါ် ပြန်လည်တည့်မတ် လွှဲပြောင်းပေးနိုင်ခဲ့သော သမိုင်းမော်ကွန်း တစ်ခုကို စိုက်ထူနိုင်ခဲ့သဖြင့် ဝမ်းသာအားရ ဖြစ်ရကြောင်း၊ ထို့ကြောင့် မိမိနှင့်အတူ ၅ နှစ်တာကာလလက်တွဲပြီး တာဝန်ကျေခဲ့ကြသည့် ယခုအခမ်းအနားကို တက်ရောက် လာကြသူများ အားလုံးကို လေးလေးစားစား ဂုဏ်ယူစွာ မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းနှင့် အနာဂတ်နိုင်ငံတော်အတွက်လည်း ကျရာကဏ္ဍမှ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုပြောကြားလိုကြောင်း၊ **နိုင်ငံတော်အတွက် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များ အတွေ့အကြုံရရှိစေရေးအတွက်လည်း ဆက်လက်မွေးထုတ်ပေးသွားကြရမည်** ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များကို ချီးမြှင့်ပေးအပ်ရာ ဦးစွာ ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ က ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် ဦးအောင်လင်းဒွေး၊ ကော်မရှင် အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးအား ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးကိုကိုလွင်အား ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်လင်းဒွေး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းအား ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်လင်းဒွေး ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်အား ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။

## ပေးအပ်ချီးမြှင့်

ယင်းနောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များအား ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့က ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်တူ ပုဂ္ဂိုလ်များအား ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များကို ပေးအပ်ချီးမြှင့်သည်။

အခမ်းအနား အပြီးတွင် ရွေးကောက်တင်မြှောက်ခြင်း ခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အခမ်းအနား တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ခြင်းအခမ်းအနားသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြစဉ်။

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲနှင့် အစိုးရအဖွဲ့ဥက္ကဋ္ဌ မစ္စတာ အလက်စီ ဆမ်ဘူယဲဗစ် စီဂျယ်နော့ဗ် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

နေပြည်တော်　ဧပြီ　၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲနှင့် အစိုးရအဖွဲ့ဥက္ကဋ္ဌ မစ္စတာ အလက်စီ ဆမ်ဘူယဲဗစ် စီဂျယ်နော့ဗ် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

အူလန်အူဒဲမြို့၊ ၄-၄-၂၀၂၆

သို့

အဆွေတော် မစ္စတာ မင်းအောင်လှိုင်
သမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်

လေးစားအပ်ပါသောသမ္မတကြီးခင်ဗျား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတအဖြစ် အဆွေတော်ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ဘူရားတီးရားပြည်နယ် အစိုးရအဖွဲ့နှင့်အတူ မိမိအနေဖြင့် လှိုက်လှဲဝမ်းမြောက်စွာ ဂုဏ်ယူပါကြောင်း ဖော်ပြအပ်ပါသည်။

အဆွေတော်၏ ထူးချွန်ပြောင်မြောက်သော စီမံခန့်ခွဲမှုစွမ်းရည်၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ အကျိုးစီးပွား၊ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် ကိုယ်ကျိုးမဖက်ဘဲ ကြိုးပမ်းအားထုတ်မှုများအပြင် ဗုဒ္ဓဘာသာနှင့် အခြားသောဘာသာတရား ထွန်းကားပြန့်ပွားရေးအတွက် ဆောင်ရွက်ချက်များသည် မြန်မာပြည်သူလူထု၏ မြင့်မားသော ယုံကြည်ကိုးစားမှုနှင့် ထောက်ခံမှုကို ရရှိစေခဲ့ခြင်းဖြစ်သည်ဟု မိမိအနေဖြင့် အခိုင်အမာယုံကြည်ပါသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တို့အကြား တည်ရှိပြီးသော ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို မိမိတို့အနေဖြင့် အစဉ်တစိုက် တန်ဖိုးထားလျက်ရှိပါသည်။ နေပြည်တော်နှင့် အူလန်အူဒဲမြို့များ၌ ကျင်းပခဲ့သည့် မိမိတို့၏ တွေ့ဆုံဆွေးနွေးပွဲများအရ စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် မိမိတို့အတွက် အထူးအရေးပါသော ကိစ္စရပ်ဖြစ်ပါသည်။ ဘူရားတီးရားပြည်နယ်တက္ကသိုလ်တွင် မြန်မာကျောင်းသားများ ပညာသင်ကြားနေခြင်းသည် မိမိတို့၏ အောင်မြင်သောပူးပေါင်းဆောင်ရွက်မှု၏ ထင်ရှားသောပြယုဂ်တစ်ခုပင် ဖြစ်ပါသည်။ နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့် ကဏ္ဍစုံတွင် နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ရှေ့ဆက်ပိုမိုခိုင်မာလာစေရန် မျှော်လင့်ပါသည်။

အဆွေတော်အနေဖြင့် နိုင်ငံတော်၏ အမြင့်ဆုံးတာဝန်ကို ထမ်းဆောင်ရာတွင် ချမှတ်ထားသည့် ရည်မှန်းချက်များအားလုံးကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရန်၊ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာခြင်းနှင့် ခွန်အားများ ပိုင်ဆိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိမိတို့၏ စုပေါင်းဆောင်ရွက်မှုများသည် ဘူရားတီးရားပြည်နယ်နှင့် မြန်မာနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေမည်ဟု အပြည့်အဝယုံကြည်ပါသည်။

အဆွေတော်အား အစဉ်အမြဲလေးစားစွာဖြင့်။

အေ.အက်စ်. စီဂျယ်နော့ဗ်
ဘူရားတီးရားပြည်နယ်အကြီးအကဲနှင့် အစိုးရအဖွဲ့ဥက္ကဋ္ဌ

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် နီကာရာဂွါသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ ဂူစတာဗို ပေါရပ်စ်မှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

နေပြည်တော်　ဧပြီ　၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် နီကာရာဂွါသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ ဂူစတာဗို ပေါရပ်စ်မှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

နီကာရာဂွါသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ နွေးထွေးစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဦးမင်းအောင်လှိုင်အား ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြလိုပါသည်။

ညီရင်းအစ်ကိုပမာဖြစ်သော မြန်မာပြည်သူများ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြီးမားသောတာဝန်ဝတ္တရားများကို အောင်မြင်စွာ ထမ်းဆောင်နိုင်ပါစေကြောင်း အဆွေတော်အား ဒါရီယို (Dario) နှင့် ဆန်ဒီနို (Sandino) မြေမှ မိမိတို့က ဆုမွန်ကောင်းပို့သအပ်ပါသည်။

အခါအခွင့်ကြုံခိုက် နီကာရာဂွါသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်အနေဖြင့် မိမိတို့ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် အပြန်အလှန်နားလည်မှုတို့ကို ဆက်လက်ခိုင်မာအောင် ဆောင်ရွက်သွားမည့်ကတိကဝတ်ကို အတည်ပြုပါသည်။ ထို့ပြင် အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိကြောင်း ထပ်လောင်းပြောကြားအပ်ပါသည်။

ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်
မာနာဂွါမြို့၊ နီကာရာဂွါနိုင်ငံ

အမျိုးသားလွှတ်တော်
ဥက္ကဋ္ဌ

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Sihasak Phuangketkeow မှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

သို့

အဆွေတော် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမ္မတ
နေပြည်တော်

ရက်စွဲ၊ ၃-၄-၂၀၂၆။
စာအမှတ်၊ ၁၃၀၃/၇၇၀

အဆွေတော် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

၁။　အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည့်အတွက် ကျွန်ုပ်၏ လှိုက်လှဲစွာဂုဏ်ပြုကြောင်း သဝဏ်လွှာကို ပေးပို့ခွင့်ရခြင်းအား ဂုဏ်ယူဝမ်းမြောက်မိပါသည်။ အဆွေတော်၏ ကျွမ်းကျင်သော ဦးဆောင်မှုနှင့် နွေးထွေးသော ချစ်ကြည်ရင်းနှီးမှုတို့ဖြင့် ထိုင်း-မြန်မာ ဆက်ဆံရေးသည် နှစ်ဦးနှစ်ဖက်အကျိုးရှိမည့် ကဏ္ဍအားလုံးတွင် ဆက်လက်ဖွံ့ဖြိုးတိုးတက်နေမည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

၂။　ကျွန်ုပ်အနေဖြင့် အဆွေတော်၏ သမ္မတရာထူးအပ်နှင်းပွဲ အခမ်းအနားသို့ ကိုယ်တိုင်ကိုယ်ကျ တက်ရောက်ရန် အလွန်ပင်ဆန္ဒရှိခဲ့ပါသည်။ သို့သော်လည်း ၂၀၂၆ ခုနှစ်၊ ဧပြီလ ၉-၁၀ ရက်များတွင် ထိုင်းဘုရင်မင်းမြတ်အစိုးရမှ လွှတ်တော်သို့ တင်သွင်းမည့် မူဝါဒရေးရာတင်ပြချက်များရှိနေပြီး အစိုးရအဖွဲ့ဝင်အားလုံး တက်ရောက်ရန်လိုအပ်နေပါသဖြင့် အဆွေတော်၏ အခမ်းအနားသို့ ဆန္ဒရှိသည့်အတိုင်း မတက်ရောက်နိုင်တော့သည်ကို လွန်စွာစိတ်မကောင်း ဖြစ်မိပါသည်။ သို့ရာတွင် ကျွန်ုပ်သည် ဤသို့ မြန်မာနိုင်ငံအတွက် မင်္ဂလာရှိသော ထူးမြတ်သည့်အခါသမယတွင် ထိုင်းနိုင်ငံကိုယ်စား တက်ရောက်ရန်နှင့် အဆွေတော်ထံသို့ ကျွန်ုပ်၏ ဆုမွန်ကောင်းများနှင့် ဂုဏ်ပြုစကားများကို ကိုယ်တိုင်ကိုယ်ကျ ပြောကြားပေးရန်အတွက် ထိုင်းနိုင်ငံ၏ ထင်ရှားသော ဒုတိယဝန်ကြီးချုပ်ဟောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဖြစ်သူ H.E. Dr. Parnpree Bahiddha-Nukara ကို လွှဲအပ်တာဝန်ပေးလိုက်ပါသည်။

၃။　ကျွန်ုပ်တို့၏ နှစ်နိုင်ငံဆက်ဆံရေး အနာဂတ်အတွက် အကောင်းမြင် မျှော်လင့်ထားပြီး ထိုင်း- မြန်မာ ဆက်ဆံရေး၏ အခန်းကဏ္ဍသစ်ကို ဖော်ဆောင်နိုင်ရန်အတွက် မြန်မာအစိုးရသစ်နှင့် နီးကပ်စွာ ဆက်လက်လုပ်ဆောင်သွားရန် အလွန်မျှော်လင့်နေပါသည်။ ထိုင်းနိုင်ငံသည် သူငယ်ချင်းကောင်းနှင့် မိတ်ဖက်ကောင်းအဖြစ် ရပ်တည်လျက်ရှိပြီး ငြိမ်းချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာတွင် မြန်မာအစိုးရသစ်၏ ကြိုးပမ်းမှုများကို ကူညီပံ့ပိုးပေးရန် အသင့်ရှိနေပါသည်။ နေပြည်တော်၌ အဆွေတော်အား ဂါရဝပြုတွေ့ဆုံရန်နှင့် ကျွန်ုပ်တို့၏ ဆွေးနွေးမှုများကို မကြာမီ ဆက်လက်ဆောင်ရွက်သွားနိုင်ရန်လည်း မျှော်လင့်ပါသည်။

၄။　အဆွေတော်အပေါ် ထားရှိသည့် ကျွန်ုပ်၏ အထူးလေးစားမှုကို လက်ခံရယူပါရန် အလေးအနက် တောင်းဆိုအပ်ပါသည်။

Sihasak Phuangketkeow
ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး
ထိုင်းနိုင်ငံ

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ပါတီများ၊ အသင်း/အဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်

နေပြည်တော် ဧပြီ ၅

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့်အတွက် တရုတ်-မြန်မာ စီးပွားပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးမှုမြှင့်တင်ရေးအသင်း (CMECDPA)၊ မြန်မာ-ဂျပန်ချစ်ကြည်ရေး အသင်း၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင် ရေးအသင်း၊ မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်း၊ မြန်မာ့ငြိမ်းချမ်းရေး နှင့် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအဖွဲ့ (MPPAA)၊ မြန်မာနိုင်ငံဆိုင်ရာ ဟူနန်ကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံဆိုင်ရာ စီချွမ်နှင့်ချုံချင် ကုန်သည်ကြီးများအသင်းချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ကျန်းစု ကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံဆိုင်ရာ ရှန်ဒုန်ကုန်သည်ကြီး များအသင်း၊ မြန်မာနိုင်ငံဆိုင်ရာ ကျန်းရှီးကုန်သည်ကြီးများ အသင်းချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ဖုကျန့်ကုန်သည်ကြီးများအသင်းချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ကွမ်းတုန်းကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံ ဆိုင်ရာ(တရုတ်)ယူနန် ကုန်သည်ကြီးများအသင်း၊ ပြည်တွင်းလူငယ် များ မိတ်သဟာယအသင်းနှင့် အမျိုးသားဒီမိုကရေစီပါတီသစ်တို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့ကြ သည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်များတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက် ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မြန်မာ နိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေ၊ မြန်မာပြည်သူ ပြည်သားများ၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေး တာဝန်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစွာဖြင့် ထမ်းဆောင်နိုင် ပါစေကြောင်း၊ သမ္မတကြီး၏ဦးဆောင်မှုဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာပြီး ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေ ကြောင်း၊ နိုင်ငံတော်သမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင် ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း စသည်ဖြင့် ပါရှိကြောင်း သိရသည်။ ■

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်ခံရသည့်အတွက် အထူး ဂုဏ်ယူဝမ်းမြောက်မိပါသည်။

သမ္မတကြီး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး နိုင်ငံ့တာဝန်များ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန် ကောင်း တောင်းအပ်ပါသည်။

**တရုတ်-မြန်မာစီးပွားပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးမှုမြှင့်တင်ရေး အသင်း (CMECDPA)**

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ်ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် မြန်မာ-ရုရှား ချစ်ကြည်ရေး အသင်းမှ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် သမ္မတကြီး၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်း သာယာပြီး ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါသည်။

**မြန်မာ-ရုရှားချစ်ကြည်ရေးအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ်ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် "မြန်မာနိုင်ငံဆိုင်ရာစီချွမ်နှင့် ချုံချင်ကုန်သည်ကြီးများအသင်းချုပ်"အနေဖြင့် အထူးပင်ဂုဏ်ယူ ဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာ ဖြင့် နိုင်ငံတော်၏တာဝန်နှင့်ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံဆိုင်ရာစီချွမ်နှင့်ချုံချင်ကုန်သည်ကြီးများအသင်းချုပ်**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာ ဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံဆိုင်ရာကျန်းရှီးကုန်သည်ကြီးများအသင်းချုပ်**

## ဂုဏ်ယူဝမ်းမြောက်ကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက် ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အားပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ရပါ သည်။

ဗိုလ်ချုပ်မှူးကြီး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ နှင့်ပြည့်စုံပါစေကြောင်းကိုလည်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာ ဝပြောပါစေကြောင်းကိုလည်း ဆန္ဒဆုမွန်ပြုလိုက်ပါသည်။

**မြန်မာ့ငြိမ်းချမ်းရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအဖွဲ့ ( MPPAA )**

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက် ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာ ဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံဆိုင်ရာကျန်းစုကုန်သည်ကြီးများအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စု လွှတ်တော်က ရွေးချယ်တင်မြှောက်ခြင်းအပေါ် "မြန်မာနိုင်ငံဆိုင်ရာ ဖုကျန့်ကုန်သည်ကြီးများအသင်းချုပ်"က အထူးဂုဏ်ယူဝမ်းမြောက် ပါကြောင်းနှင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**မြန်မာနိုင်ငံဆိုင်ရာဖုကျန့်ကုန်သည်ကြီးများအသင်းချုပ်**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့ခြင်းအပေါ် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းမှ ဂုဏ်ယူဝမ်းမြောက် ကြိုဆိုပါကြောင်းနှင့် မြန်မာပြည်သူ ပြည်သားများ၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ စွာဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေး အသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ်ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခံခြင်းအတွက် "မြန်မာနိုင်ငံဆိုင်ရာဟူနန် ကုန်သည်ကြီးများအသင်း" အနေဖြင့် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါ ကြောင်းနှင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါသည်။

**မြန်မာနိုင်ငံဆိုင်ရာဟူနန်ကုန်သည်ကြီးများအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ်ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခံခြင်းအတွက် "မြန်မာနိုင်ငံဆိုင်ရာရှန်ဒုန် ကုန်သည်ကြီးများအသင်း" အနေဖြင့် အထူးပင်ဂုဏ်ယူဝမ်းမြောက် ပါကြောင်းနှင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**မြန်မာနိုင်ငံဆိုင်ရာရှန်ဒုန်ကုန်သည်ကြီးများအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ်ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခြင်းအပေါ် "မြန်မာနိုင်ငံဆိုင်ရာကွမ်းတုန်း ကုန်သည်ကြီးများအသင်း"က အထူးဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်၏အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆတက် ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**မြန်မာနိုင်ငံဆိုင်ရာကွမ်းတုန်းကုန်သည်ကြီးများအသင်း**

စာမျက်နှာ ၈ သို့ ❖

# ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်ပါဝင်ခဲ့သည့် တရုတ်နိုင်ငံသားနှစ်ဦးအား ထပ်မံဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၅

မြန်မာနိုင်ငံအစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက် ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆိုပါဒုစရိုက်မှုနှိမ်နင်းရေးလုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို လက်ခံနိုင်ခြင်းမရှိသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုများနှင့်အတူ လုံခြုံရေးပူးပေါင်းအဖွဲ့များက အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ ဝင်ရောက်အခြေပြုနေထိုင်ခြင်း မရှိစေရန်အတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်အတွင်း လိုအပ်သည့် စုံစမ်းစစ်ဆေးခြင်းနှင့် ရှာဖွေဖော်ထုတ်ခြင်းများကို လုပ်ဆောင်စဉ် အဆိုပါမြို့၏ အရှေ့မြောက်ဘက် မိတာ ၂၅၀၀၀ ခန့်အကွာ ကောင်းဆန်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများနှင့် နေထိုင်အသုံးပြုလျက်ရှိသည့် အဆောက်အအုံများကို ရှာဖွေဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည့် သတင်းအား ဧပြီ ၄ ရက်တွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။

ယနေ့ ဧပြီ ၅ ရက်တွင်လည်း လုံခြုံရေးပူးပေါင်းအဖွဲ့များက အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူများ ဝင်ရောက်အခြေပြုနေထိုင်ခြင်း မရှိစေရန်အတွက် ဆက်လက်ရှာဖွေဖော်ထုတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် ကောင်းဆန်ကျေးရွာအနီး ယမန်နေ့က ဖမ်းဆီးရမိခဲ့သည့် နေရာ၏ မြောက်ဘက်မိတာ ၁၂၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ခဲ့သည့် တရုတ်နိုင်ငံသား အမျိုးသား နှစ်ဦးအား ထပ်မံတွေ့ရှိ ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။



တန့်ယန်းမြို့နယ်အတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ခဲ့သည့် တရုတ်နိုင်ငံသား နှစ်ဦးအား ထပ်မံဖမ်းဆီးရမိစဉ်။

အဆိုပါ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင်ပါဝင်သည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ရခိုင်ပြည်နယ်သို့ ပို့ဆောင်မည့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၅

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ် လူငယ်များအပါအဝင် လူသားမျိုးနွယ်စုတစ်ခုလုံးအား အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများအား ထိရောက်စွာ တားဆီးကာကွယ်တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မူးယစ်ဆေးဝါး သယ်ဆောင်လေ့ရှိသည့် လမ်းကြောင်းများ၌ စစ်ဆေးရှာဖွေဖော်ထုတ်ဖမ်းဆီးမှုများ တိုးမြှင့်လုပ်ဆောင်နေသကဲ့သို့ အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်း၍ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးပူးတွဲ စစ်ဆင်ရေးများကို ဆောင်ရွက်ခြင်း များကြောင့် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်း/ဝယ်သူများသည် စစ်ဆေးရေးဂိတ်များကို ရှောင်ကွင်းသည့် လမ်းကြောင်းများအား ပြောင်းလဲအသုံးပြုလာသည်ကို တွေ့ရှိရသည်။

၂၀၂၆ ခုနှစ် ဧပြီ ၄ ရက်တွင် တာဝန်သိ ပြည်သူတစ်ဦး၏ သတင်းပေးချက်အရ ရမည်းသင်းမြို့မှ ပဒါန်းမြို့သို့ မူးယစ်ဆေးဝါးများ ပို့ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တရားခံဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ နတ်မောက်မြို့နယ် ရွာတော်စစ်ဆေးရေးဂိတ်၌ တရားခံ မျိုးမင်းအောင်နှင့်အတူ TOYOTA PRADO ယာဉ်အား လည်းကောင်း၊ နတ်မောက်မြို့နယ် စိုင်ကောင်းကျေးရွာအနီး၌ တရားခံ မင်းမင်းခိုင် မောင်းနှင်၍ လှိုင်ဝင်းလိုက်ပါလာသည့် ထော်လာဂျီယာဉ်အား လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ယာဉ်ပေါ်တွင် ထုံးအိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် ဆာလာအိတ် ၃၉ အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၈ သိန်း (ကာလတန်ဖိုးငွေကျပ် ၁၁ ဒသမ ၇ ဘီလီယံခန့်)အား ဖမ်းဆီးရမိခဲ့သည်။


နတ်မောက်မြို့နယ် စိုင်ကောင်းကျေးရွာအနီး၌ တရားခံသုံးဦးနှင့် အတူ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

ဖြစ်စဉ်တွင် တရားခံ အမျိုးသား သုံးဦး၊ မော်တော်ယာဉ် နှစ်စီး၊ စိတ်ကြွရူးသွပ်ဆေးပြား ၇၈ သိန်း (တစ်ပြားလျှင် ၁၅၀၀ ကျပ်) ကာလတန်ဖိုးငွေကျပ် ၁၁ ဒသမ ၇ ဘီလီယံခန့်တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန် တရားခံဖြစ်သည့် ပင်လောင်းမြို့နယ် တီဂျစ်ကျေးရွာနေ ကျော်ဝင်းအောင် (ခ)ပအို့ဝ် (ဖမ်းဆီးရန်ကျန်)မှ ဝမ်ဟိုင်းဒေသရှိ မူးယစ်ဆေးဝါးများအား ၎င်း၏ အစီအစဉ်ဖြင့် ကလောမြို့နယ် ဘွန်ယွာကျေးရွာအနီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ကျော်ဝင်းအောင် (ခ)ပအို့ဝ် (ဖမ်းဆီးရန် ကျန် )၏ ခိုင်းစေချက်ဖြင့် မျိုးမင်းအောင်၊ မင်းမင်းခိုင်နှင့် လှိုင်ဝင်းတို့က ဖမ်းဆီးရမိ ထော်လာဂျီယာဉ်ဖြင့် ဘွန်ယွာကျေးရွာမှ တစ်ဆင့် ရမည်းသင်း- ပျော်ဘွယ်- နတ်မောက်- မကွေးလမ်းကြောင်းအတိုင်း ပဒါန်းမြို့နယ်သို့ ပို့ဆောင်မည်ဖြစ်ကြောင်းနှင့် ပဒါန်းမြို့နယ်မှတစ်ဆင့် ရခိုင်ပြည်နယ် အမ်းမြို့ရှိ AAသောင်းကျန်းသူအဖွဲ့ မြို့နယ်မှူးအဆင့်ရှိ(စိစစ်ဆဲ) ထံသို့ ပို့ဆောင်မည်ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။


သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားထုပ်ပိုးမှုပုံစံကို တွေ့ရစဉ်။

သို့ဖြစ်၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပြီး တရားခံပြေးများအပါအဝင် ဆက်စပ်တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် မူးယစ်ဆေးဝါး သယ်ဆောင်သည့် သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ပူးပေါင်းပါဝင်ဖမ်းဆီးပေးသူများအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်


တရားခံ မျိုးမင်းအောင်


တရားခံ မင်းမင်းခိုင်


တရားခံ လှိုင်ဝင်း



ဖမ်းဆီးရမိ ယာဉ်အမှတ် MDY-20/1F-2504 TOYOTA PRADO ခဲရောင်(လိုင်စင်မဲ့)ယာဉ်ကို တွေ့ရစဉ်။


မူးယစ်ဆေးဝါးများတင်ဆောင်လာသည့် MDY/ 9V-54836 ထော်လာဂျီ စိမ်းပုတ်ရောင် (လိုင်စင်မဲ့) ယာဉ်ကို တွေ့ရစဉ်။







## မတ်လအတွက် ပရီးမီးယားလိဂ်တစ်လတာအကောင်းဆုံး နည်းပြဆုကို အာတီတာဆွတ်ခူး

**လန်ဒန် ဧပြီ ၅**

ပရီးမီးယားလိဂ်မှ လစဉ်လတိုင်း ပေးအပ်ချီးမြှင့်လျက်ရှိသည့် မတ်လအတွက် တစ်လတာ အကောင်းဆုံးနည်းပြဆုကို အာဆင်နယ်အသင်းနည်းပြ အာတီတာက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ နည်းပြသည် ပြီးခဲ့သည့် မတ်လအတွင်းက အာဆင်နယ်အသင်းအား ပရီးမီးယားလိဂ်ပွဲစဉ် သုံးပွဲကိုင်တွယ်ပြီး သုံးပွဲလုံး အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

နည်းပြ အာတီတာက "ကျွန်တော်အခုလို တစ်လတာ အကောင်းဆုံးနည်းပြဆုကို ဆွတ်ခူးနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ အခုလို ဆုရရှိတာက လည်း အသင်းသားတွေရဲ့ ကြိုးစားအားထုတ်မှုကြောင့်ပါ။ ကျွန်တော်အနေနဲ့ ယခုလို ဆုတံဆိပ်တွေအပါအဝင် အသင်းနဲ့အတူ ပရီးမီးယားလိဂ်ဆုဖလားကြီး ရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(အပေါ်ပုံ) (NGB)

## အင်္ဂလိပ်အက်ဖ်အေဖလား ဆီမီးဖိုင်နယ်အဆင့်သို့ မန်စီးတီးအသင်းတက်ရောက်

**လန်ဒန် ဧပြီ ၅**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အင်္ဂလိပ်အက်ဖ်အေဖလား ဆီမီးဖိုင်နယ်အဆင့်သို့ မန်စီးတီးအသင်းတက်ရောက်နိုင်ခဲ့သည်။

မန်စီးတီးအသင်းသည် အင်္ဂလိပ်အက်ဖ်အေဖလား ကွာတားဖိုင်နယ်အဆင့်တွင် လီဗာပူးအသင်းအား လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အင်္ဂလိပ်အက်ဖ်အေဖလား ချန်ပီယံဆုအား ဆွတ်ခူးရန် မန်စီးတီးအသင်းက ရေပန်းစားလျက်ရှိသည်။ (အောက်ပုံ) (NGB)



## ပစ်တာဝမ်ယာမား ဘောလုံးကစားသမားဘဝမှ အနားယူ

**လန်ဒန် ဧပြီ ၅**

ဆဲလ်တစ်အသင်းနှင့် စပါးအသင်း ကွင်းလယ်ကစားသမားဟောင်း ဗစ်တာဝမ်ယာမား ဘောလုံးကစားသမားဘဝမှ အနားယူကြောင်း အတည်ပြု ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ကစားသမားဘဝ တစ်လျှောက်တွင် ဆဲလ်တစ်၊ စပါး၊ ဆောက်သမ်တန်စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားပြီး အောင်မြင်မှုများစွာ ရယူနိုင်ခဲ့ဖူးသလို နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် ကင်ညာလက်ရွေးစင်အသင်းနှင့်လည်း ပြိုင်ပွဲပေါင်း ၆၄ ပွဲကစားကာ ခုနစ်ဂိုးအထိ သွင်းယူနိုင်ခဲ့သည်။

အသက်(၃၄)နှစ်အရွယ်ရှိ ဗစ်တာဝမ်ယာမားက "ကျွန်တော် ဘောလုံးကစားသမားဘဝမှ အနားယူပါပြီ။ ဘောလုံးကစားခဲ့တဲ့ အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ။ ကျွန်တော့်ကို အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီတိုင်းကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

(အောက်ဝဲပုံ) (NGB)



## ဂိုးသမား ဟာဘရူဂန်အား ခေါ်ယူရန် ဘိုင်ယန်မြူးနစ်အသင်းစီစဉ်

**မြူးနစ် ဧပြီ ၅**



ဘိုင်ယန်မြူးနစ်အသင်းသည် ဘရိုက်တန်အသင်း ဂိုးသမား ဗာဘရူဂန်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ ဂိုးသမားသည် ဘရိုက်တန်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၇ပွဲကစားပြီး အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဘရိုက်တန်အသင်းကလည်း ဂိုးသမား ဗာဘရူဂန်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် ဘရိုက်တန်အသင်းထံမှ ဗာဘရူဂန်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ပုံ)

(NGB)

## နည်းပြ ဂတ်တူဆိုအား နည်းပြရာထူးမှ အီတလီလက်ရွေးစင်အသင်းထုတ်ပယ်

**တူရင် ဧပြီ ၅**

အီတလီလက်ရွေးစင်အသင်းသည် အသင်းနည်းပြ ဂတ်တူဆိုအား နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အီတလီလက်ရွေးစင်အသင်းသည် ၂၀၂၆ကမ္ဘာ့ဖလား ဝင်ခွင့်နှင့် လွဲချော်ပြီးနောက် နည်းပြ ဂတ်တူဆိုအား ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ဂတ်တူဆိုသည် အီတလီလက်ရွေးစင်အသင်းအား ၂၀၂၅ခုနှစ် ဇွန် ၁၅ရက် စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၈ပွဲတွင် ၆ပွဲနိုင်၊ ၁ပွဲသရေ၊ ၁ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

အီတလီလက်ရွေးစင်အသင်း ထုတ်ပြန်ချက်တွင် "ဂတ်တူဆိုအား နည်းပြရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံးရှာဖွေခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။

(အောက်ပုံ)

(NGB)



## 2026 Credit One Charleston Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Jessica Pegula တက်ရောက်



**ဝါရှင်တန် ဧပြီ ၅**

အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Credit One Charleston Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ အိမ်ရှင် အမေရိကန်တင်းနစ်မယ် Jessica Pegula တက်ရောက်ခဲ့သည်။ (အပေါ်ပုံ)

အဆိုပါ အမေရိကန်တင်းနစ်မယ် Jessica Pegula သည် 2026 Credit One Charleston Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် တစ်နိုင်ငံတည်းနေသူ တင်းနစ်မယ် Iva Jovic အား ၆-၄၊ ၅-၇၊ ၆-၃ ဖြင့် အနိုင်ရရှိ ကာ ဗိုလ်လုပွဲအဆင့်သို့ တက် ရောက်ခဲ့သည်။

2026 Credit One Charleston Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အမေရိကန်တင်းနစ်မယ် Jessica Pegula နှင့် ယူကရိန်းတင်းနစ်မယ် Yuliia Starodubtseva တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

(NGB)

## မာကို့စ်ဆန်ဆီ ဘုန်းမောက်အသင်းမှ ထွက်ခွာမည်

**လန်ဒန် ဧပြီ ၅**

ဘုန်းမောက်အသင်း နောက်ခံကစားသမား မာကို့စ်ဆန်ဆီ ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဘာစီလိုနာအသင်းနှင့် လီဗာပူးအသင်းတို့အပါအဝင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

နောက်ခံကစားသမား မာကို့စ်ဆန်ဆီသည် ဘုန်းမောက်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၉ ပွဲကစားပြီး ခြောက်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။



ထို့ကြောင့် မာကို့စ်ဆန်ဆီအနေဖြင့် ယခုနှစ်ဘောလုံးရာသီအကုန်တွင် ဘုန်းမောက်အသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားမည်လည်းဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့် ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၀) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၇-၄-၂၀၂၆<br>နံနက် ၀၁း၃၀ နာရီ | (၁၄)ဂျီရိုနာ - ဗီလာရီးရဲလ်(၃)<br>(D,L,D,W,L) (W,L,W,D,W) | ဂျီရိုနာ ၀-၁ ဗီလာရီးရဲလ်<br>ဗီလာရီးရဲလ် ၂-၂ ဂျီရိုနာ |

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၁) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၆-၄-၂၀၂၆<br>ညနေ ၅း၀၀ နာရီ | (၁၁)အူဒီးနိစ် - ကိုမို(၄)<br>(L,W,D,L,W) (W,D,W,W,W) | အူဒီးနိစ် ၁-၀ ကိုမို<br>ကိုမို ၄-၁ အူဒီးနိစ် |
| ၆-၄-၂၀၂၆<br>ည ၇း၃၀ နာရီ | (၁၈)လက်ချီ - အတ္တလန္တာ(၇)<br>(L,L,W,L,L) (D,L,D,L,W) | လက်ချီ ၀-၄ အတ္တလန္တာ<br>အတ္တလန္တာ ၁-၁ လက်ချီ |
| ၆-၄-၂၀၂၆<br>ည ၁၀း၃၀ နာရီ | (၅)ဂျူဗင်တပ် - ဂျီနိုအာ(၁၃)<br>(W,D,W,W,D) (W,L,W,W,L) | ဂျူဗင်တပ် ၁-၀ ဂျီနိုအာ<br>ဂျီနိုအာ ၀-၃ ဂျူဗင်တပ် |
| ၇-၄-၂၀၂၆<br>နံနက် ၀၁း၁၅ နာရီ | (၃)နာပိုလီ - အေစီမီလန်(၂)<br>(L,W,W,W,W) (L,W,W,L,W) | နာပိုလီ ၂-၁ အေစီမီလန်<br>အေစီမီလန် ၀-၂ နာပိုလီ |

### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၄၁) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၇-၄-၂၀၂၆<br>နံနက် ၀၁း၃၀ နာရီ | (၅)ဟားလ်စီးတီး - ကိုဗင်ထရီ(၁)<br>(L,W,L,W,D) (W,W,L,W,W) | ဟားလ်စီးတီး ၁-၁ ကိုဗင်ထရီ<br>ကိုဗင်ထရီ ၂-၁ ဟားလ်စီးတီး |

# စားသုံးသူရေးရာဦးစီးဌာန မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၌ စားသုံးဆီဖြန့်ဖြူးမှုဆိုင်ရာတွေ့ဆုံပွဲ ကျင်းပ

**မန္တလေး ဧပြီ ၅**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ကြီးမှူးကျင်းပသော စားသုံးဆီဖြန့်ဖြူးခြင်းဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်းကာ ဆီလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၌ ဧပြီ ၄ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။



ရှေးဦးစွာ စားသုံးသူရေးရာဦးစီးဌာန၊မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၊တိုင်းဒေသကြီး ဦးစီးမှူး ဦးဇေယျာဆွေက တိုင်းဒေသကြီးအတွင်း စားသုံးဆီ ဖြန့်ဖြူးမှုအခြေအနေများအား ရှင်းလင်းတင်ပြရာတွင် တိုင်းဒေသကြီးအတွက် တစ်လခွဲဝေရရှိတန်ချိန် ၆,၅၅၀အား ခရိုင်၊ မြို့နယ်များအလိုက် ဖြန့်ဖြူးရောင်းချမှုများအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်က "ဈေးကွက်အတွင်း စားသုံးဆီများကို စည်းကမ်းချက်များနှင့်အညီ ဖြန့်ဖြူးရောင်းချသွားရန်၊ စည်းကမ်းချက်များကို ဖောက်ဖျက်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် လုပ်ငန်းရှင်များအနေဖြင့် သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားကြရန်" လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်ပြီး တက်ရောက်လာသော ဆီလုပ်ငန်းရှင်များမှ သိရှိလိုသည်များအား ဆွေးနွေးခဲ့ကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။အဆိုပါ ဆီလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားသို့ စားသုံးသူရေးရာဦးစီးဌာန၊ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီးဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဓဝပုံ)

**ချမ်းမြေ့မောင်(ချမ်း/စ)**



# လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ပြုလုပ်

**မိုင်းဖြတ် ဧပြီ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ဧပြီ ၃ ရက် နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်က အသိပညာပေး ဟောပြောပွဲများ ကျင်းပရခြင်း၏ရည်ရွယ်ချက်များ၊ လူငယ်ဟူသည့် အဓိပ္ပာယ်၊ ဗလငါးတန်ဖြစ်သည့် ကာယဗလ၊ ဉာဏဗလ၊ မိတ္တဗလ၊ ဘောဂဗလ၊ စာရိတ္တဗလတို့နှင့်ပြည့်စုံသည့် လူငယ်များ ဖြစ်လာစေရေး လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် လူငယ်များအနာဂတ်၊ လူငယ်များနှင့် မူးယစ်ဆေးဝါးအန္တရာယ် အကြောင်းသိကောင်းစရာများကို အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့သည်။

ဆက်လက်၍ ဟောပြောပွဲအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များ၊ စာအုပ်ပြပွဲများကို ကျောင်းသား၊ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

# အိန္ဒိယက မတ်ပဲအခွန်မဲ့တင်သွင်းခွင့် သက်တမ်းတိုးသော်လည်း ပြည်တွင်းဈေးကွက်တွင် အရောင်းအဝယ်အေးပြီး ဈေးနှုန်းငြိမ်နေ

**မန္တလေး ဧပြီ ၅**

အိန္ဒိယအစိုးရက မြန်မာ့မတ်ပဲကို အခွန်မဲ့တင်သွင်းခွင့် တစ်နှစ်သက်တမ်းတိုးမြှင့်လိုက်ကြောင်း တရားဝင်ကြေညာချက်ထွက်ပေါ်လာသော်လည်း ပြည်တွင်းမတ်ပဲဈေးကွက်အတွင်း သိသာထင်ရှားသည့် ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ အရောင်းအဝယ်အေးနေကြောင်း သိရသည်။

အိန္ဒိယ၏ မူဝါဒအပြောင်းအလဲကြောင့် ဈေးကွက်အတွင်း အတက်ဘက်သို့ မျှော်လင့်ချက်များရှိခဲ့သော်လည်း လက်တွေ့တွင် ဝယ်လိုအားမှာ ပုံမှန်အခြေအနေ၌သာရှိနေပြီး အလှုပ်အခတ်နည်းပါးလျက်ရှိသည်။

ပြည်ပသို့ တင်ပို့ရောင်းချသည့် FOB ဈေးနှုန်းများမှာမူ ယခုရက်သတ္တပတ်အတွင်း အနည်းငယ်ကျဆင်းလာပြီး တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀ခန့်အထိ ဈေးနှုန်းကျဆင်းလာကြောင်း သိရသည်။



ယခုရက်သတ္တပတ်အတွင်း ဖြစ်ပေါ်နေသော မတ်ပဲဈေးနှုန်းများမှာ ၂၀၂၆ ခုနှစ် ထွက်ရှိသည့် မတ်ပဲ FAQ(Fair Average Quality)တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၉၀ မှ ၈၀၀ ကြားရှိနေပြီး မတ်ပဲ SQ(Special Quality)မှာ တစ်တန်လျှင် ဒေါ်လာ ၈၈၅ မှ ၈၉၅ အတွင်း အသီးသီးပြောင်းလဲသွားခဲ့ကြောင်း သိရသည်။

ပြည်တွင်း ငွေကြေးဈေးကွက်အတွင်း ပေါက်ဈေးများအရ မတ်ပဲ FAQ (2026 crop) တစ်တန်လျှင် ငွေကျပ် ၃၁၂၅၀၀၀ သို့လည်းကောင်း၊ မတ်ပဲ SQ တစ်တန်လျှင် ငွေကျပ် ၃၄၇၉၀၀၀ သို့လည်းကောင်း အသီးသီးပေါက်ဈေးရှိနေသည်။

"အိန္ဒိယဘက်က သက်တမ်းတိုးတယ်ဆိုပေမယ့် အဝယ်ပိုင်းက ပုံမှန်ပဲရှိနေသေးတော့ ဈေးက အတက်ဘက်ကို မဦးတည်သေးတာပါ။ ပြည်ပ FOB ဈေးကလည်း အနည်းငယ်ပြန်အေးနေတဲ့အတွက် ပြည်တွင်းဈေးက အပြောင်းအလဲသိပ်မရှိဘဲ ငြိမ်နေတဲ့သဘောပါ"ဟု ကုန်သည်တစ်ဦးက ပြောကြားသည်။

လက်ရှိတွင် မတ်ပဲစိုက်ပျိုးထုတ်လုပ်သူများနှင့် ကုန်သည်များအနေဖြင့် အိန္ဒိယ၏ ဝယ်လိုအားအခြေအနေနှင့် ပြည်ပဈေးကွက်အလားအလာကို ဆက်လက်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်-စ)**

# ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးထားသည့် နွေနှမ်းများအောင်မြင်ဖြစ်ထွန်း

**မြစ်သား ဧပြီ ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၌ စားသုံးဆီဖူလုံပိုလျှံရေးအတွက် ငါးဆူအုပ်စု၊ ရွှေကြာအင်းကျေးရွာတွင် ကင်းတားဆည်ရေနှင့် ပန်းလောင်မြစ်မှမြစ်ရေတင်ခြင်းတို့ဖြင့် ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့်နွေနှမ်းများ ပေါင်ကြီးတင်စနစ် စိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

တောင်သူများအနေဖြင့် ပေါင်ကြီးတင်စနစ်ဖြင့် နွေနှမ်းသီးနှံများ စိုက်ပျိုးမည်ဆိုပါက မြေအနေအထားပေါ်မူတည်၍ သုံးပေ၊လေးပေအကျယ် မြေပေါင်များပြုလုပ်ပြီး မျိုးစေ့ချကိရိယာဖြင့် စနစ်တကျစိုက်ပျိုးရပါကြောင်း၊ စနစ်တကျစိုက်ပျိုးမှုကြောင့် မျိုးစေ့ကုန်ကျမှုသက်သာကြောင်း၊ ရေသွင်းရေထုတ်လွယ်ကူသဖြင့် အပင်ဖြစ်ထွန်းမှုကောင်းမွန်ကာ နွေနှမ်းရိတ်သိမ်းချိန်မှာ ဈေးကောင်းရရှိရေး မျှော်လင့်ကြောင်း ပေါင်ကြီးတင်စနစ်ဖြင့်နွေနှမ်း သီးနှံစိုက်တောင်သူ ဦးဝင်းမြင့်ထံမှ သိရသည်။



တောင်သူများအနေဖြင့် နွေနှမ်းသီးနှံများကို ရှေးသမားရိုးကျပက်ကျဲစနစ်စိုက်ပျိုးခြင်းထက် ပေါင်ကြီးတင်စနစ် စိုက်ပျိုးခြင်းက အထွက်နှုန်းပိုမိုရရှိပြီး များစွာ အကျိုးဖြစ်ထွန်းစေနိုင်မှာဖြစ်ကြောင်း၊ ပေါင်ကြီးတင်စနစ်စိုက်ပျိုးခြင်းအားဖြင့် သီးနှံစိုက်ပျိုးချိန်သဘာဝဘေးအန္တရာယ်ကြောင့် မိုးခေါင်ခြင်း၊ မိုးများခြင်း အခြေအနေများတွင် ရေသွင်းရေထုတ်လွယ်ကူစေခြင်း၊ အပင်ဝင်ဆံ့မှုအရေအတွက်မှန်ကန်ခြင်း၊ အပင်ပြုစုစောင့်ရှောက် လွယ်ကူခြင်းကြောင့် နွေနှမ်းသီးနှံပေါင်ကြီးတင်စနစ်စိုက်ပျိုးခြင်းဖြင့် ကောင်းကျိုးများစွာရရှိပြီး တစ်ဧက ပန်းတိုင်အထွက်နှုန်း နှမ်းအတင်း ၂၀ မှ ၂၃ အထိထွက်ရှိနိုင်၍ စိုက်ပျိုးသင့်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

(ဓဝပုံ)

**ဝါဝါမြင့်(မြစ်သား)**

## သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းလုပ်ငန်းများဆောင်ရွက်

**ကျောက်ဆည် ဧပြီ ၅**

ကျောက်ဆည်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဦးဆောင်မှုဖြင့် ဧပြီ ၄ ရက် နံနက် ၇ နာရီက မြို့သန့်ရှင်းသာယာလှပရေး ဆူးကုန်းရပ်ကွက်အတွင်းရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းနှင့် သီရိသာသနာ့ဓမ္မာရုံတို့၏ အတွင်း၊ အပြင်နေရာများ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အတွင်းရှိ ပြည်သူများ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။



စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို မြို့နယ်အဆင့်ဌာနဆိုင်ရာနှင့် လူမှုရေးအသင်းအဖွဲ့ ၄၇ ခု နှင့် ပြည်သူများ စုစုပေါင်း အင်အား ၂၃၀ ဦးကျော်တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး ထွက်ရှိလာသော ပလတ်စတစ်အမှိုက်များ၊သစ်ရွက်၊သစ်ကိုင်းအခြောက်များနှင့် အမှိုက်မျိုးစုံကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ သိမ်းဆည်းစွန့်ပစ်ခဲ့ကြောင်း သိရှိရပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ မြို့သန့်ရှင်းသာယာရေး မြို့တွင်း၊ မြို့ပြင်လမ်းဘေး ဝဲ၊ ယာ နေရာများ၊ ဘိုးဘွားရိပ်သာ၊ ပြည်သူ့ဆေးရုံနှင့် ဘုရား၊ ကျောင်း၊ ကန် နေရာများအား ဆက်လက်၍ စုပေါင်းသန့်ရှင်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ဓဝပုံ)ထက်ထက်(ကျောက်ဆည်)**

# ၂၀၂၆ ခုနှစ် "လက်ဖက်ယဉ်ကျေးမှုဆင်နွှဲ ဒြပ်မဲ့သနပ်ခါးအလှ မန်းသင်္ကြန်ပွဲ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ

၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်တွင် **"လက်ဖက်ယဉ်ကျေးမှုဆင်နွှဲ ဒြပ်မဲ့သနပ်ခါးအလှမန်းသင်္ကြန်ပွဲ"**ခေါင်းစဉ်ဖြင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပပါမည်။ ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ထိုက်တန်စွာ ဆုချီးမြှင့်ပါမည်။

ပြိုင်ပွဲစည်းကမ်းချက်များ

၁။ ပြိုင်ပွဲဝင်တစ်ဦးသည် ဓာတ်ပုံအရွယ်အစား(၁၀ လက်မ၊ ၁၄ လက်မ)အလျားလိုက် ရောင်စုံဓာတ်ပုံ(၄)ပုံအထိ ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်သူ အမည်တစ်ခုထက်ပိုပြီး မယှဉ်ပြိုင်ရ။ ယှဉ်ပြိုင်သည်ကို တွေ့ရှိက ဆုစာရင်းပယ်ဖျက်ပါမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများသည် အောက်ပါအချက်အလက်များ ပါဝင်ရမည်။

(က) မန္တလေး၏အငွေ့အသက်

(ခ) မြန်မာ့ယဉ်ကျေးမှုအငွေ့အသက်

(ဂ) သင်္ကြန်အငွေ့အသက်

(ဃ) သနပ်ခါးနှင့် လက်ဖက်ယဉ်ကျေးမှုကို ဖော်ကြူးပြသခြင်း။

၂။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ၂၀၂၆ ခုနှစ် သင်္ကြန်ပွဲတော်ကာလ လမ်းလျှောက်သင်္ကြန်ပွဲအတွင်း ရိုက်ကူးထားသော ပုံများဖြစ်ရပါမည်။ ပြိုင်ပွဲဝင်ပုံများသည် အခြားပြည်တွင်း၊ ပြည်ပပြိုင်ပွဲများတွင် ဆုရထားပြီးပုံများ မဖြစ်စေရ။ စီးပွားရေးကြော်ငြာများ၊ မီဒီယာများနှင့် Website များတွင် အသုံးပြုပြီးပုံများ မဖြစ်စေရ။ ၄င်းတို့နှင့် ဆင်တူယိုးမှားပုံများ မဖြစ်စေရ။

၃။ ဓာတ်ပုံများကို ကိုယ်တိုင်ရိုက်ကူးသူကသာလျှင် တာဝန်ယူတင်သွင်းရမည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရှုပ်အရှင်းပြဿနာဖြစ်ပေါ်ပါက ပြိုင်ပွဲဝင်သူက တာဝန်ယူဖြေရှင်းရမည်ဖြစ်ပြီး ပေးအပ်ထားသော ဆုများကို ပြန်လည်ရုပ်သိမ်းမည်။

၄။ ပြိုင်ပွဲဝင်ဓာတ်ပုံများသည် နိုင်ငံတော်၏ မူဝါဒ ဆန့်ကျင်သောပုံများ၊ အမျိုးသားယဉ်ကျေးမှုနှင့် ဆန့်ကျင်သောပုံများ၊ တည်ဆဲဥပဒေနှင့် ငြိစွန်းသောပုံများ မဖြစ်စေရ။ ပုံထဲမှရှိနေသည့် အရာဝတ္ထုများအား ဖယ်ထုတ်ခြင်း၊ မရှိသည့်အရာဝတ္ထုများ ထည့်သွင်းခြင်း မပြုလုပ်ရ။ အလွန်အကျူးပြုပြင်ထားသောပုံများ မဖြစ်စေရ။ ရိုက်ကူးသည့် မူရင်းပုံအား အလင်းအမှောင်၊ Cropping၊ ကာလာချိန်သည့် ပြိုင်ပွဲပုံများ ဖြစ်ရမည်။ ယခင်ပုံဟောင်းများ မဖြစ်စေရ။

၅။ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု(၇)ဆုအား ထိုက်တန်စွာ ဆုချီးမြှင့်မည်။ ပြိုင်ပွဲဝင်တစ်ဦးသည် ပြိုင်ပွဲတွင်(ပထမ၊ ဒုတိယ၊ တတိယ)ဆုကြီး (၁)ဆုနှင့် နှစ်သိမ့်ဆု (၁)ဆုသာလျှင် ခံစားခွင့်ရှိသည်။

၆။ ပြိုင်ပွဲဆုရဓာတ်ပုံများကို မန္တလေးတိုင်းဒေသကြီးအစိုးရ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့က လိုအပ်သလို အသုံးပြုလိုသော မည်သည့်ကိစ္စတွင်မဆို အသုံးပြုရန် သဘောတူခွင့်ပြုရမည်။

၇။ ပြိုင်ပွဲဓာတ်ပုံများကို Digital DSLR နှင့် Mirrorless ကင်မရာများဖြင့် ရိုက်ကူးယှဉ်ပြိုင်ခွင့်ပြုသည်။ Drone Camera, Phone, Gopro နှင့် အလားတူ ကင်မရာများဖြင့် ရိုက်ကူးထားသောပုံများ ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ရိုက်ကူးထားသည့် မူရင်း Print File တို့ကို CD ဖြင့် တစ်ပါတည်း တင်ပြရမည်။

၈။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို **(၂၁-၄-၂၀၂၆)ရက်၊ (အင်္ဂါနေ့) (နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း)** မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ ဌာနမှူးရုံးသို့ ပေးပို့ရပါမည်။

၉။ ပဏာမရွေးချယ်ခြင်းကို **(၂၂-၄-၂၀၂၆)ရက်၊ (ဗုဒ္ဓဟူးနေ့) (ညနေ ၄း၀၀ နာရီ)** တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး၌ နိုင်ငံတကာဓာတ်ပုံပြိုင်ပွဲ စံနှုန်းများနှင့်အညီ ဝါရင့်ဓာတ်ပုံပညာရှင်ကြီးများ၏ ပဏာမစိစစ်ရွေးချယ်ခြင်းကို ဆောင်ရွက်သွားပါမည်။ ဆန်ခါတင်ရွေးချယ်ခံရသော ဓာတ်ပုံများကို ပြိုင်ပွဲဝင်ဓာတ်ပုံရှင်များထံ အချိန်မီအကြောင်းကြားပေးမည် ဖြစ်ပါသည်။

၁၀။ ဆန်ခါတင်ရွေးချယ်ခံရသော ဓာတ်ပုံများကို **(၂၃-၄-၂၀၂၆)ရက်၊ (ကြာသပတေးနေ့) (နံနက် ၉း၀၀ နာရီ) မှ (၂၉-၄-၂၀၂၆)ရက် (ဗုဒ္ဓဟူးနေ့) (ညနေ ၆း၀၀ နာရီ)** အထိ MCDC Facebook Page တွင်တင်ပြီး Like ရရှိမှုအရေအတွက်ပေါ်မူတည်၍ ဆုရွေးချယ်သွားမည် ဖြစ်ပါသည်။

၁၁။ ပြိုင်ပွဲဝင်ပုံတိုင်း၏ နောက်ကျောတွင် **အမည်၊ မှတ်ပုံတင်အမှတ်၊ ဖုန်းနံပါတ်၊ လိပ်စာ၊ မိမိကိုယ်တိုင်ရိုက်ကူးထားသည့် ခံဝန်ချက်ပြည့်စုံစွာ ရေးထားသော စာရွက်များကို** တိပ်ဖြင့် သေချာစွာ ကပ်ပေးရမည်။ ပြိုင်ပွဲပုံ၏ နောက်ကျောတွင် မည်သည့် အမှတ်အသားမှ မပါရှိစေရ။ ပုံတွင်လည်း ရေစာအမှတ်အသား မပါစေရ။

၁၂။ ဆုရွေးချယ်ခံထားရသော ဆုရပုံများအား ကန့်ကွက်လိုပါက ပြိုင်ပွဲစိစစ်ရေးကော်မတီသို့ ဆုရွေးချယ်ထုတ်ပြန်ပြီးအတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်သည်။ ကန့်ကွက်သူဘက်မှ မှန်ကန်ပါက ဆုစာရင်းပယ်ဖျက်မည်။ ဆုရရှိသူဘက်မှ မှန်ကန်ပါက ဆုကို ဆက်လက်အတည်ပြုမည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

# ၂၀၂၆ ခုနှစ် 'ပျော်ရွှင်ဆင်နွှဲ မန်းသင်္ကြန်ပွဲ' ဓာတ်ပုံပြိုင်ပွဲ

၂၀၂၆ ခုနှစ် မဟာသင်္ကြန်တွင် "ပျော်ရွှင်ဆင်နွှဲ မန်းသင်္ကြန်ပွဲ"ခေါင်းစဉ်ဖြင့် ဓာတ်ပုံပြိုင်ပွဲကျင်းပပါမည်။ ပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများထိုက်တန်စွာ ချီးမြှင့်ပါမည်။

**ပြိုင်ပွဲစည်းကမ်းချက်များ**

၁။ ၁၀ လက်မ × ၁၄လက်မအရွယ် ရောင်စုံဓာတ်ပုံ ဖြစ်ရမည်။

၂။ ဓာတ်ပုံပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်တစ်ဦးလျှင် ဓာတ်ပုံ(၄)ပုံအထိ ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်သူအမည် တစ်ခုထက်ပိုပြီး မယှဉ်ပြိုင်ရ။ ယှဉ်ပြိုင်သည်ကို တွေ့ရှိပါက ဆုစာရင်းကိုပယ်ဖျက်မည်။

၃။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ၂၀၂၆ ခုနှစ်၊ သင်္ကြန်ပွဲတော်တွင် ရိုက်ကူးထားသောပုံ ဖြစ်ရမည်။ ပုံဟောင်းများ ပါဝင်ယှဉ်ပြိုင်ခြင်းမပြုရပါ။

၄။ ဓာတ်ပုံများကို ကိုယ်တိုင်ရိုက်ကူးသူကသာ တာဝန်ယူတင်သွင်းရမည်။ ပိုင်ဆိုင်မှုနှင့် ပတ်သက်သည့် အရှုပ်အရှင်းပြဿနာ ပေါ်ပေါက်ပါက ပြိုင်ပွဲဝင်သူက တာဝန်ယူဖြေရှင်းရမည်ဖြစ်ပြီး ပေးအပ်ထားသော ဆုကို ပြန်လည်ရုပ်သိမ်းမည်။

၅။ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု (၇)ဆုအား ထိုက်တန်စွာ ချီးမြှင့်မည်။ ပြိုင်ပွဲဝင်သူတစ်ဦးသည် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု (၇)ဆုအနက် တစ်ဆုသာ ခံစားခွင့်ရှိသည်။

၆။ ပြိုင်ပွဲဆုရဓာတ်ပုံများကို မန္တလေးတိုင်းဒေသကြီးအစိုးရ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့က လိုအပ်သလို အသုံးပြုမည်။

၇။ ပြိုင်ပွဲဝင်ဓာတ်ပုံများသည် Digital DSLR နှင့် Mirrorless ကင်မရာများဖြင့် ရိုက်ကူး၍ ယှဉ်ပြိုင်ခွင့်ပြုသည်။ Drone Camera, Phone, GoPro နှင့် အလားတူ ကင်မရာများဖြင့် ရိုက်ကူးထားသောပုံများ ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင် ရိုက်ကူးထားသည့် မူရင်းဖိုင် Print File တို့ကို CD ဖြင့် တင်ပြရမည်။

၈။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို (၂၂-၄-၂၀၂၆)ရက်၊ (ဗုဒ္ဓဟူးနေ့)၊ (နံနက် ၁၀း၀၀ နာရီမှ ညနေ ၄း၀၀ နာရီအတွင်း)မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ ဌာနမှူးရုံးခန်းသို့ ပေးပို့ရပါမည်။

၉။ ဓာတ်ပုံဆု ရွေးချယ်ခြင်းကို (၂၃-၄-၂၀၂၆)ရက်၊ (ကြာသပတေးနေ့) (နံနက် ၁၀း၀၀ နာရီ) တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးတွင် ပြုလုပ်မည်။

၁၀။ ဓာတ်ပုံဆုချီးမြှင့်ခြင်း အခမ်းအနားကို (၂၄-၄-၂၀၂၆)ရက်၊ (သောကြာနေ့) နံနက် (၁၀း၀၀နာရီ)တွင် ကျင်းပမည်ဖြစ်ပြီး ပြောင်းလဲမှုရှိပါက ဆုရရှိသူများအား အချိန်မီ အကြောင်းကြားပေးပါမည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အပူရှောင်စခန်းဖွင့်လှစ်ထားရှိပြီး အပူရှောင်ပြည်သူများအား ကြည့်ရှုအားပေး

**ညောင်ဦး ဧပြီ ၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့၌ နွေရာသီ ရာသီဥတု ပူပြင်းလာသည်ဖြစ်ရာ ဒေသခံပြည်သူများနှင့် ဘုရားဖူးလာ ပြည်သူများ အပူဒဏ်အန္တရာယ်မဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်နိုင်ရန် အပူရှောင်စခန်းများ ဖွင့်လှစ်ထားခြင်းနှင့်အတူ အပူဒဏ်အန္တရာယ်ဖြစ်ပေါ်လာပါက အချိန်မီကုသနိုင်ရေး ညောင်ဦးခရိုင် ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် အရေးပေါ်အခန်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိကြောင်း ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်ထံက သိရသည်။

ညောင်ဦးမြို့နယ်၌ ရာသီဥတုပူပြင်းလာသည်ဖြစ်ရာ အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေး အပူရှောင်စခန်းများ ဖွင့်လှစ်ထားလျက်ရှိပြီး ရွှေစည်းခုံဘုရားဝင်းဝေဇယန္တာဗိမာန်တော်၌လည်းကောင်း၊ အာနန္ဒာဘုရားလိုဏ်ဂူအတွင်း၌လည်းကောင်း၊ ထီးလိုမင်းလိုဘုရားလိုဏ်ဂူအတွင်း၌လည်းကောင်း၊ သဗ္ဗညုဘုရားလိုဏ်ဂူအတွင်းတို့တွင် အပူရှောင်စခန်း ဖွင့်လှစ်ထားရှိကာ ဒေသခံပြည်သူများနှင့် ဘုရားဖူးလာပြည်သူများ အပူဒဏ်ကာကွယ်ရေး အပူရှောင်လျက်ရှိသည်။ ညောင်ဦးမြို့နယ်တွင် ယခုတစ်ပတ်အတွင်း သိသိသာသာ ပူပြင်းလာလျက်ရှိပြီး နေ့စဉ်နီးပါး ၄၂ ဒသမ ၂ ဒီဂရီစင်တီဂရိတ် ပူပြင်းလျက်ရှိရာ အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိမှု၊ အပူရှောင်နေရာများတွင် အပူရှောင်ပြည်သူများ အပူရှောင်နေမှုတို့အား ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ခရိုင်ဦးစီး ဒေါ်မြင့်မြင့်သန်း၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ညောင်ဦးမြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလာရင်း နေ့ခင်းပိုင်းတွင် ဘုရားလိုဏ်ဂူများအတွင်း အပူရှောင်လျက်ရှိသည့် အနယ်နယ် အရပ်ရပ်က ပြည်သူများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (၄၈၁)**



# ကျွန်တော်နှင့် ..... ဖန်လုံအိမ်ဓာတ်ငွေ့များ လျှော့ချခြင်း
# (Fire Hotspot များ လျှော့နည်းစေရေး)

အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှာ နယ်စပ်ချင်း ထိစပ်လျက်ရှိသော နိုင်ငံများဖြစ်ကြပါသည်။ ထိုနိုင်ငံတွေမှာ အမှိုက်တွေ မီးရှို့လျှင်၊ တောင်ယာမီးရှို့လျှင်၊ သစ်တောတွေ မီးရှို့လျှင်၊ ရွှေ့ပြောင်းတောင်ယာတွေပေါ့ဗျာ။ သီးနှံများ ရိတ်သိမ်းယူပြီး ကျန်ရှိတဲ့အမှိုက်များကို မီးရှို့လျှင်၊ အဲ့ဒါတွေအပြင် သစ်တောတွေကို မီးရှို့လျှင် ဒါတွေကို Fire Hotspot လို့ ခေါ်ပါတယ်။ ဒါတွေက အရှေ့တောင်အာရှမှာရှိတဲ့ စင်ကာပူနိုင်ငံ အခြေစိုက် Changi လေဆိပ်အထက်မှာ လွှတ်တင်ထားတဲ့ ဂြိုဟ်တုကနေပြီးတော့ ဘယ်နိုင်ငံမှာ ဘယ်လမှာ Hotspot ဘယ်လောက်ဆိုပြီး Fire Hotspot တွေရဲ့ အရေအတွက်ကို ကြေညာတာပါ။ မြန်မာနိုင်ငံမှာဆိုလျှင်လည်း တိုင်းနဲ့ ပြည်နယ်တွေထဲမှာ ကချင်ပြည်နယ်ဆို များတယ်။ ရှမ်းပြည်နယ် အရှေ့ပိုင်းဆို များတယ်။ မန္တလေးတိုင်းဆိုရင်လည်း များတယ်။ မန္တလေးတိုင်းထဲမှာဆိုလို့ရှိလျှင် သပိတ်ကျင်းမြို့နယ်က များတယ်။ ဒီ Fire Hotspot တွေက များရင် မကောင်းဘူးပေါ့ဗျာ။ ဒါတွေဟာ ရာသီဥတုကို ပြောင်းလဲစေတယ်။ သစ်တောတွေ ပြုန်းတီးစေတယ်။ ဖန်လုံအိမ်(Greenhouse Effect) ဖြစ်စေတယ်ပေါ့ဗျာ။

ဒါတွေမဖြစ်အောင်လို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (ECD- Environmental Conservation Department) ကနေပြီးတော့ ဟောပြောပွဲတွေ လုပ်တယ်။ Talk Show တွေ ကျင်းပတယ်။ လက်ကမ်းစာစောင်တွေ ဖြန့်ဝေတယ်။ နောက်ခါကျရင် Green City တို့၊ Smart City တို့၊ Green Campus တို့၊ Smart Campus တို့ အဲ့ဒါတွေလုပ်ပြီးတော့၊ စက်ရုံတွေ၊ ကျောင်းတွေကို ပြိုင်ပွဲတွေပြုလုပ်ပြီး ယှဉ်ပြိုင်စေတယ်။ အဲ့ဒီတော့ သန့်ရှင်းရမယ်၊ အေးချမ်းရမယ်၊ စိမ်းလန်းရမယ်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ အဲ့ဒါတွေကို လုပ်ဆောင်ကြတာဖြစ်ပါတယ်။

ဒီလိုလုပ်ဆောင်တဲ့အချိန်မှာ Hotspot တွေကို မဖြစ်အောင်၊ အမှိုက်တွေကို မီးမရှို့အောင် တောင်ယာရွှေ့ပြောင်းတဲ့စနစ်တွေ မဖြစ်အောင်၊ တောင်ယာတွေကို မီးမရှို့အောင်လို့ လှေကားထစ်လယ်ယာတွေ လုပ်ရမယ်။ သစ်တော မီးမရှို့အောင်လို့ သစ်တောမီးရှို့တဲ့လူတွေကို ပညာပေးမှုတွေ လုပ်ရမယ်။ သစ်တောထဲ ခရီးသွားလို့ရှိရင် မီးခြစ်ယူသွားတာတို့၊ ဓားယူသွားတာတို့၊ ဓာတ်ဆီပုလင်းယူသွားတာတို့ အဲ့ဒါတွေ ခွင့်မပြုရဘူး။ နောက်တစ်ခါကျတော့ အိမ်တွေမှာ၊ ရပ်ကွက်တွေထဲမှာ အမှိုက်တွေကို မီးမရှို့ရဘူး။

နောက်တစ်ခါ မြန်မာနိုင်ငံက စိုက်ပျိုးရေးနိုင်ငံ ဖြစ်တဲ့အတွက်ကြောင့် တောင်သူတွေက သီးနှံတွေကို သိမ်းပြီးတဲ့အချိန်ကျလို့ရှိရင် သီးနှံကထွက်တဲ့ (ဥပမာ- စပါးဆိုရင် ကောက်ရိုးတွေ၊ ရိုးပြတ်တွေ) အဲ့ဒါတွေကို မီးရှို့ပစ်တယ်။ နှမ်းဆိုရင်လည်း နှမ်းသီးတွေကို ရိတ်သိမ်းပြီးရင် နှမ်းရိုးတွေကို မီးရှို့တယ်။ ကြံဆိုရင်လည်း ကြံရွက်တွေကို မီးရှို့တယ်။ ပဲစင်းငုံဆိုရင်လည်း ပဲစင်းငုံအရိုးတွေကို မီးရှို့တယ်။ ဒီလိုမီးရှို့တယ်ဆိုတာ သူတို့က ဒီအလုပ်ရှုပ်လို့ရယ်၊ နောက် သူတို့ စိုက်ခင်းကို ပြန်ပြီး ရှင်းလင်းစေချင်လို့ရယ်၊ တစ်နှစ်ထဲမှာ သုံးသီးလောက် စိုက်ကြတဲ့အခါ တစ်ခုနဲ့တစ်ခု စိုက်ဖို့အတွက် စိုက်ခင်းကို ပြင်ဆင်တဲ့နေရာမှာ မြန်မြန်သန့်ရှင်းစေချင်တဲ့ လုပ်ဆောင်မှုတွေကို ဆောင်ရွက်တာပါ။ ဒါဟာ အယူအဆမှားတွေပေါ့ခင်ဗျာ။ ဒီအမှိုက်တွေ မီးရှို့လိုက်လို့ ပြာဖြစ်သွားရင် မြေဩဇာတွေရတယ်ဆိုပြီး အဲ့ဒီအယူအဆအမှားတွေကြောင့် သီးနှံတွေကို သူတို့က မီးရှို့ကြတာပေါ့ဗျာ။ အဲ့ဒီတော့ ဖြစ်ပေါ်စေတဲ့ အကြောင်းတရားတွေကတော့ အဲ့ဒါတွေပေါ့။

ဒီတော့ Hotspot တွေ ကာကွယ်ဖို့အတွက် (ECD- Environmental Conservation Department) ခေါ်တဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနကနေပြီးတော့ ဒီရွာတွေမှာ အမှိုက်တွေကို အဲ့ဒီလို မီးမရှို့ရဘူး။ သစ်ပင်ကထွက်တဲ့ ခုနက စိုက်ပျိုးရေးကထွက်တဲ့ အမှိုက်တွေကို မီးမရှို့စေဘဲနဲ့ သူတို့ကို ၁၀ ပေ ပတ်လည်၊ သုံးပေအနက်လောက် ကျင်းတွေတူးပြီးတော့ EM Bokashi လို့ခေါ်တဲ့ သစ်ရွက်ဆွေးကို သဘာဝမြေဩဇာ ဖြစ်အောင်လုပ်မယ်။ အဲ့ဒါတွေလုပ်ပြီး အဲ့ဒီမြေဩဇာကို ပြန်သုံးမယ်။ အဲ့ဒါမျိုး ဗဟုသုတတွေရအောင် ဖြန့်ဝေပေးရမယ်။

နောက်တစ်ခါ တောတွေ မီးမရှို့ဖို့အတွက် အဲ့လို အထူးလောင်စာတောင့်သုံးတဲ့ မီးဖိုလေးတွေ လုပ်ပြီးတော့ ပြည်သူတွေကို အဲ့ဒါလေးတွေ သုံးစွဲစေမယ်။ ဒါတွေကို ခြွေတာဖို့၊ စေ့စပ်ဖို့ လိုတယ်။ နောက်တစ်ခါ သစ်တောဦးစီးဌာန၊ နောက်တစ်ခါ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ အဲ့ဒါတွေနဲ့ ပူးပေါင်းဖို့လိုတယ်။ နောက်တစ်ခါ ကျန်းမာရေးဝန်ထမ်းတွေနဲ့လည်း ပူးပေါင်းဖို့လိုတယ်။ ကျန်းမာရေးဝန်ထမ်းတွေက ဒီလို Fire Hotspot တွေ ဖြစ်ပေါ်လာလို့ရှိရင် လူတွေကို အသက်ရှူကျပ်တဲ့ ရောဂါတွေ၊ နှာခေါင်းထဲကို Gas တွေ ဝင်တဲ့ အသက်ရှူမဝတဲ့ရောဂါတွေ ဖြစ်စေတယ်။ ချောင်းဆိုးရင်ကျပ်တွေ ဖြစ်စေတယ်။ ဒါတွေကိုလည်း ဟောပြောရမယ်။ နောက်တစ်ခါ စက်ရုံအလုပ်ရုံတွေက ထွက်တဲ့ မီးခိုးတွေ၊ အဆိပ်ငွေ့တွေ၊ သူတို့ကို ထိန်းသိမ်းရမယ်။ Treatment လုပ်ရမယ်။ သူတို့ရဲ့ သတ်မှတ်ထားတဲ့ Parameter တွေကို မကိုက်ညီဘဲနဲ့ လေထုထဲကို ညစ်ညမ်းစေတဲ့ အဆိပ်ငွေ့တွေ ပါရှိမလာစေရဘူး။ စက်ရုံတွေကို ထိန်းကျောင်းရမယ်။ နောက် စိုက်ပျိုးရေးဦးစီးဌာနလည်း ပါရမယ်။ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂ မူဘောင်ကွန်ဗင်းရှင်း (UNFCCC - United Nations Framework Convention on Climate Change) တို့လို စက်ရုံတွေကို ထိန်းကျောင်းတဲ့ အဖွဲ့အစည်းတွေ ပါရမယ်။ ပြီးလို့ရှိရင် မီးသတ်ဦးစီးဌာန ပါရမယ်။ နောက်တစ်ခါ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနတွေ ပါရမယ်။ ဒီအဖွဲ့တွေနဲ့ ပြည်သူတွေနဲ့ ဝိုင်းပြီး ထိန်းသိမ်းမယ်ဆိုလို့ရှိရင် ဒီအရှေ့တောင်အာရှမှာရှိတဲ့ နိုင်ငံတွေမှာလည်း Fire Hotspot တွေ သက်သာမယ်။ မြန်မာနိုင်ငံမှာလည်း သက်သာမယ်။ မန္တလေးတိုင်းကလည်း သက်သာမယ်ဆိုလို့ရှိရင် ကမ္ဘာကြီးရဲ့ ပူနွေးလာတဲ့ ဖန်လုံအိမ်ဆိုတဲ့ အကျိုးတွေကို ဖျောက်ဖျက်ပစ်နိုင်မယ်။

ယခင်တစ်လောက မန္တလေးမြို့ရဲ့ လေထုဟာ မသန့်ရှင်းဘူးဆိုပြီးတော့ ဖြစ်လာတယ်။ ဒါတွေက အဓိကတော့ Fire Hotspots တွေကြောင့်ဖြစ်တာပေါ့။ အဲ့ဒါက နိုဝင်ဘာ၊ ဒီဇင်ဘာလလောက်မှာ စဖြစ်ပေမယ့် တကယ့်တကယ် များလာတာကတော့ ဇန်နဝါရီ၊ ဖေဖော်ဝါရီမှာ ပိုများလာပြီးတော့ ဒီ မတ်၊ ဧပြီမှာ အများဆုံး ဖြစ်တယ်။

မန္တလေးမြို့ လေထုရဲ့ စိုးရိမ်ရေမှတ်က ဒါ ဒုတိယ အဆိုးဆုံးလောက်အထိ ဖြစ်လာ တယ်။ အဓိကဖြစ်တာကတော့ ဒီ Fire Hot-spots တွေကြောင့် ဖြစ်တယ်။ စက်ရုံရဲ့ မီးခိုးခေါင်းတိုင်တွေကြောင့် ဖြစ်တယ်။ နောက်တစ်ခုက ကားတွေကထွက်တဲ့ Gas တွေပေါ့။ Exhaust တွေကထွက်တဲ့ Gas တွေကြောင့်လည်း ဖြစ်တယ်။

ကိုရာဇာတို့ စင်ကာပူနိုင်ငံကို သွားလည်တုန်းက အဲ့ဒီစင်ကာပူမှာရှိတဲ့ ရှုခင်းတွေကို ကြည့်တဲ့အခါမှာ စင်ကာပူနိုင်ငံဆိုတာ အထင်ကြီးစရာကောင်းတဲ့ နိုင်ငံ။

ဟိုး... ကောင်းကင်ယံမှာ ကြည်လင်ပြတ်သားနေမယ့်အစား မှုန်မှိုင်းနေတာ။ အဲ့ဒါနဲ့

"ဘာဖြစ်လို့ မင်းတို့ စင်ကာပူနိုင်ငံက မှုန်မှိုင်းနေရတာလဲ" ဆိုတော့

"အဲ့ဒါ အင်ဒိုနီးရှားနိုင်ငံက တောမီးတွေကြောင့်ပေါ့" တဲ့ဗျာ။

တောမီးတွေက သူတို့ဘက်ကို ရောက်လာလို့ သူတို့ နိုင်ငံကြီးက မှုန်မှိုင်းနေတာ။

ဒီတော့ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ဆက်စပ်နေတဲ့ အရှေ့တောင်အာရှနိုင်ငံတွေဟာ တစ်ခုနဲ့တစ်ခု ကပ်လျက်တည်ရှိနေတော့ နိုင်ငံတစ်ခုနဲ့တစ်ခု ဖြတ်ကျော်လာပြီးတော့ ဒီမီးခိုးမြူငွေ့တွေက ပိုမိုပေါင်းမိလာပြီးတော့ သူက ပတ်ဝန်းကျင်ကို ဆိုးရွားစွာ ဒုက္ခပေးပါတယ်။

ဒါကြောင့်မို့လို့ ဒီကွင်းဆက်တွေဟာ ဘာကြောင့်ဖြစ်တယ်။ မဖြစ်အောင် ဘယ်လိုထိန်းသိမ်းကြမယ်။ ဘယ်လိုတွေ ပညာပေးကြမယ်။ ဆိုတာကို တင်ပြပါ အဖွဲ့အစည်းတွေ ပူးပေါင်းပြီး ဝိုင်းဝန်းထိန်းသိမ်းကြလျှင် ကိုရာဇာတို့ နေထိုင်တဲ့မြို့တွေ၊ တိုင်းဒေသကြီးတွေ၊ နိုင်ငံတွေ၊ သတ္တလောကကြီးတွေဟာ အမြဲတမ်း အေးချမ်းပြီး၊ စိမ်းလန်းပြီး၊ ဖန်လုံအိမ်အန္တရာယ်ကင်းတဲ့ ပတ်ဝန်းကျင်များဖြစ်လာကြမှာ မဟုတ်ပါလားခင်ဗျာ။

**ရွှေဇင်**
**(Natural Resources)**

## မျိုးကွဲသော သကြၤန်သီချင်းများဖြင့် သကြၤန်ယိမ်းအကအဖွဲ့များ အကလေ့ကျင့်

**မိုင်းယောင်း ဧပြီ ၅**

မြန်မာနိုင်ငံ၏ အရှေ့ဘက် အကျဆုံးမြို့ဖြစ်သည့် မိုင်းယောင်းမြို့၌ ကံ့ကော်ပန်း၊ ပိတောက်ပန်း၊ ငုဝါပန်း၊ စိန်ပန်း၊ ရင်ခတ်ပန်းတို့ ဝေဝေဆာဆာ ဖူးပွင့်လာခြင်းနှင့်အတူ မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသကြၤန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ယခုအခါ သကြၤန်ယိမ်းအကအဖွဲ့များက မျိုးကွဲသော သကြၤန်တေးသီချင်းများဖြင့် အကလေ့ကျင့် ဆောင်ရွက်လျက်ရှိသည်။



မိုင်းယောင်းမြို့တွင် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသကြၤန်ပွဲတော်ကို ဒေသအာဏာပိုင်များအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများနှင့် ပြည်သူများ အတူပူးပေါင်းပြီး ပြည်သူအားလုံး ပျော်ရွှင်စွာ ဆင်နွှဲနိုင်ရန် ဗဟိုမဏ္ဍာပ်ကို လူစည်ကားသော "ကြီးဆိုပါ၏" နေရာ၌ ထားရှိပြီး လမ်းလျှောက်သကြၤန်၊ သနပ်ခါးသကြၤန်၊ ထမနဲသကြၤန်၊ လက်ဖက်သကြၤန်နှင့် ကော်ဖီသကြၤန်တို့ကို မြို့ကျက်သရေဆောင် ဟိုခုံဘုန်းကြီးကျောင်းရှေ့လမ်းဆုံမှစ၍ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်၊ အမှတ်(၇)ရပ်ကွက်နှင့် အမှတ်(၈)ရပ်ကွက်ပေါ်ရှိ ဗလမင်းထင်လမ်းမတစ်လျှောက်၌ ယိမ်းအကအဖွဲ့များ ကပြခြင်း၊ စတုဒိသာ ကျွေးမွေးခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

**စိုင်းအောင်ဇော်လင်း**



မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ် အနောက်ရပ်တောင်ပိုင်းရပ်ကွက်ရှိ အုတ်ဖိုလ်တိုက်ကျောင်းဘုန်းကြီးကျောင်းသို့ ယမန်နေ့ နံနက် ၉ နာရီက သောက်သုံးရေ ၁၆၀၀ ဂါလန်အား ဒုဦးစီးမှူး ဦးမင်းကျော်ဟိန်း ဦးဆောင်၍ တပ်ဖွဲ့ဝင်များဖြင့် သွားရောက်လှူဒါန်းခဲ့စဉ်။ (ကဆ)

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ။**




## အပူဒဏ်အန္တရာယ်ကာကွယ်ရေး စခန်းဖွင့်လှစ်ထားရှိမှုအား ကြည့်ရှုအားပေး



**သရက် ဧပြီ ၅**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ နိုင်ငံတော်အကြီး အကဲ၏ လမ်းညွှန်ချက်အရ အပူဒဏ်ကို တိမ်းရှောင်ရန် လိုအပ်မည့်သူများနှင့် သက်ကြီးဘိုးဘွားများကို အပူရှောင်စခန်းများတွင် လာရောက်နားခိုနိုင်ရေးအတွက် ယနေ့ နံနက် ၁၀ နာရီက သရက်မြို့၊ သာသနာ့ဗိမာန်တော်အတွင်း အပူရှောင်စခန်း ဖွင့်လှစ်ထားရှိခဲ့သည်။

အပူရှောင်စခန်းကို ရုံးရပ်ကွက်၊ သာသနာ့ဗိမာန်တော်ကြီး၌ နံနက် ၈ နာရီမှ ညနေ ၆ နာရီခွဲအထိ ဖွင့်လှစ်ထားရှိမည်ဖြစ်ပြီး အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက် ခရိုင်ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများ ထားရှိပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ အပူဒဏ်ခံနိုင်ရေးအတွက် မီးသတ်ကားဖြင့် ရေများဖျန်းပေးခြင်း ဆောင်ရွက်နေမှုအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ခရိုင်ဆရာဝန်ကြီးနှင့် တာဝန်ရှိသူအသီးသီးက ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့သည်။ အပူဒဏ်အန္တရာယ်ကို နားခိုနိုင်ရန်အတွက် လူဦးရေ ၈၀ ဦး လက်ခံဆောင်ရွက်ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**စော်ထက်(သရက်)**

## စာအုပ်၊စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**ကျောက်ဆည် ဧပြီ ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ဧပြီ ၄ ရက် မွန်းလွဲ ၂ နာရီက ခရိုင်လူထုအခြေပြု ဗဟိုဌာန၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ၊ စာအုပ်၊ စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ရေဘေးအတွက် ကြိုတင်ပြင်ဆင်ရန်အချက်များ၊ ငလျင်ဘေးအတွက် ကြိုတင်ပြင်ဆင်ရန်အချက်များကို ဟောပြောခဲ့ပြီး ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက လေပြင်းအတွက် ကြိုတင်ပြင်ဆင်ရန်အချက်များ၊ လေပြင်းဖြစ်ပေါ်နေချိန်တွင် ပြုလုပ်ရန်အချက်များ၊ လေပြင်းဖြစ်ပေါ်ပြီးချိန်တွင် ပြင်ဆင်ရန်အချက်များအတွက် ကြိုတင်ပြင်ဆင်ရန်အချက်များ၊ လေပြင်းဘေးသတိပေးချက်ရလျှင် ဆောင်ရွက်ရန်အချက်များ၊ လေပြင်းဖြစ်ပေါ်နေစဉ်အတွင်း လိုက်နာရန်အချက်များ၊ ရှောင်ရှားရမည့်အချက်များနှင့် လေပြင်းတိုက်ခိုက်ပြီးနောက် ဆောင်ရွက်ရန်အချက်များအား အသိပညာပေးဟောပြောခဲ့ပြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်၊ စာစောင်များနှင့် အသိပညာပေး နံရံကပ်စာစောင်များကိုလည်း စိတ်ဝင်စားစွာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**စုစုအေး(ကျောက်ဆည်)**





## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲဆောင်ရွက်

**ကွန်ဟိန်း ဧပြီ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်လက်ထောက်(၃) ဒေါ်သဲမာက ပြည်သူများ အသိပညာစွမ်းရည်များ တိုးတက်မြင့်မားအောင် စာအုပ်၊ စာပေများကို လေ့လာဖတ်ရှုဖို့ လိုအပ်ကြောင်း စာအုပ်၊ စာစောင်တွေဖတ်မှ အသိပညာ ဗဟုသုတ တိုးပွားမည်ဖြစ်ကြောင်း၊ အမှား၊ အမှန်ဝေဖန်ပိုင်းခြားနိုင်ပြီး စာအုပ်၊ စာပေတွေကနေ ရရှိလာတဲ့ အသိပညာ ဗဟုသုတများနဲ့ မိမိရဲ့ဘဝကို တိုးတက်မြင့်မားလာအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောခဲ့သည်။

(အပေါ်ပုံ)

ထို့နောက် သုတ၊ ရသ စာအုပ်၊ စာစောင်များ ခင်းကျင်းပြသခြင်းနှင့် စာအုပ်များ ငှားရမ်းပေးခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ချစ်သော သင်္ကြန်

* ကြည့်လိုက်စမ်းလေ
ပိတောက်က တဝေဝေ
တူးပို့သံ တငြီးငြီး
သူ့ရသ မြည်းစေဖို့
တစ်ဖက်က ငွေဖလား
တစ်ဖက်က အောင်သပြေနဲ့
သင်္ကြန်ဟာ ငွေငန်းစီးလို့
ကမ္ဘာမြေကြီးဆီ လာနေပြီ။

* တံလျှပ်က တဝေဝေ
လေပွေက ခပ်ကြမ်းကြမ်း
မြေကမ္ဘာ ဘုံမြေနန်းက
ကြိုပါတယ်လေ
ကြက်သီးထစေ
အေးမြမြရေနဲ့
အမောလည်း ဖြေလို့
သင်္ကြန်မြစ်ကြီးထဲ
အပျော်တွေ စီးမျောကြစို့။

* တကယ်တော့လေ
ပူလောင်တဲ့ နွေတွေကို
သင်္ကြန်ရေ မင်းကြောင့်သာ
ချစ်နေရတာပါကွာ ။ ။

ဦးခေ

## မွေးကင်းစမှ အသက်နှစ်နှစ်အောက် ကလေးငယ်များကို လစဉ် ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ

**မိုင်းယန်း ဧပြီ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းမြို့နယ်တွင် မွေးကင်းစကလေးငယ်များ အပါအဝင် အသက်နှစ်နှစ်အောက် ကလေးငယ်များအား လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဧပြီ ၃ ရက် နံနက်ပိုင်းမှစတင်၍ ကျိုင်းဟင်ရပ်ကွက်အတွင်းရှိ မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနရုံးတွင် ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ လစဉ်ကလေးငယ်များ ပုံမှန်ကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၊ တာဝန်ခံအမျိုးသမီး ကျန်းမာရေးဆရာမ ဒေါ်ငွေငွေခိုင်နှင့် ကျန်းမာရေးဆရာမများတို့က မြို့ပေါ်ရပ်ကွက်များ၊ ကျေးရွာများမှ မွေးကင်းစကလေးငယ်များနှင့် အသက်နှစ်နှစ်အောက် ကလေးငယ်များအား ဦးစားပေးစာရင်းအလိုက် စနစ်တကျ စာရင်းပြုစု၍ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

**မြို့နယ်(ပြန်/ဆက်)**





# ဟော်မုဇ်ရေလက်ကြား ပြန်ဖွင့်ပေးရန် ကမ်းလှမ်းခြင်းဖြင့် ပဋိပက္ခအဆုံးသတ်ရန် မိုဟာမက်ဂျာဗတ်ဇာရစ်ဖ် အကြံပြု



**တီဟီရန် မေ ၅**

အီရန်နိုင်ငံအနေဖြင့် ပိတ်ဆို့အရေးယူမှုများ ဖြေလျှော့ပေးရန်အတွက် ၎င်းတို့၏ နျူကလီးယားအစီအစဉ်ကို ထိန်းချုပ်ရန်နှင့် ဟော်မုဇ်ရေလက်ကြား ပြန်ဖွင့်ပေးခြင်းဖြင့် ပဋိပက္ခကို အဆုံးသတ်ရန် အမေရိကန်ပြည်ထောင်စုနှင့် သဘောတူညီချက်တစ်ရပ်ရယူသင့်သည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဟောင်းမိုဟာမက်ဂျာဗတ်ဇာရစ်ဖ်က အကြံပြုတိုက်တွန်းလိုက်ကြောင်း သိရသည်။

၂၀၁၃ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးအဖြစ်တာဝန်ထမ်းဆောင်ခဲ့သော ၎င်းက အမေရိကန်ဂျာနယ်တစ်ခုဖြစ်သည့် နိုင်ငံခြားရေးရာစာစောင်တွင် ရေးသားခဲ့သော ဆောင်းပါး၌ အမေရိကန်နှင့် အစ္စရေးတို့အပေါ် ဖြစ်ပွားနေသည့် ပဋိပက္ခတွင် တီဟီရန်အနေဖြင့် အသာစီးရရှိထားသည်ဟုဆိုသော်လည်း အရပ်သားများ ထပ်မံသေဆုံးခြင်းနှင့် အခြေခံအဆောက်အအုံများ ပျက်စီးခြင်းတို့မှ ကာကွယ်ရန်အတွက် အီရန်အနေဖြင့် ပဋိပက္ခကို ရပ်တန့်ရန်လိုအပ်ကြောင်း အကြံပြုထားသည်။

အီရန်နိုင်ငံသည် ၎င်း၏ အသာစီးရရှိမှုကို ဆက်လက်တိုက်ခိုက်ရန်အတွက် အသုံးမပြုဘဲ အောင်ပွဲခံကြောင်း ကြေညာရန်နှင့် ယခုပဋိပက္ခကို အဆုံးသတ်နိုင်ရုံသာမက နောက်ထပ်ပဋိပက္ခများ မဖြစ်ပွားအောင် တားဆီးပေးမည့် သဘောတူညီချက်တစ်ရပ်ကို ဖော်ဆောင်ရန် အသုံးပြုသင့်သည်ဟု ယမန်နေ့က ထုတ်ဝေခဲ့သော အဆိုပါဆောင်းပါး၌ ဇာရစ်ဖ်က ထောက်ပြခဲ့ကြောင်း သိရသည်။ **Mon**



# အီရာတ်သင်္ဘောများ ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းခွင့်ရ အီရန်၏ တင်းကျပ်ထားမှု လျှော့ချလိုက်သည့် လက္ခဏာဖြစ်

**ဘဂ္ဂဒက် မေ ၅**

အီရာတ်သင်္ဘောများသည် ဟော်မုဇ်ရေလက်ကြားကို လွတ်လပ်စွာဖြတ်သန်းနိုင်ပြီဖြစ်သည်ဟု အီရန်နိုင်ငံက ကြေညာခဲ့ပြီး ယင်းသည် ကမ္ဘာ့အင်အားဖြည့်တင်းမှုအတွက် အရေးပါသော ရေလမ်းကြောင်းအပေါ် တီဟီရန်၏ တင်းကျပ်ထားမှုများကို လျှော့ချလိုက်သည့် နောက်ဆုံးလက္ခဏာတစ်ရပ်ဖြစ်ကြောင်း သိရသည်။

အီရာတ်နိုင်ငံအနေဖြင့် အဆိုပါရေလက်ကြားရှိ ကန့်သတ်ချက်များအားလုံးမှ ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ပြီး စစ်ဆေးထိန်းချုပ်မှုများကို ရန်သူနိုင်ငံများအပေါ်တွင်သာ ကျင့်သုံးမည်ဖြစ်ကြောင်း အီရန်နိုင်ငံ၏ ခါတာမ်အယ်လ်အန်ဘီယာဗဟိုဌာနချုပ်က ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားသည်။

အီရာတ်နိုင်ငံသည် အမေရိကန်၏ ကျူးကျော်သိမ်းပိုက်မှုဒဏ်ကို ခံစားခဲ့ရသည့် နိုင်ငံဖြစ်ပြီး အမေရိကန်အား ဆန့်ကျင်တိုက်ပွဲဝင်မှုသည် ချီးမွမ်းဂုဏ်ပြုထိုက်သည်ဟုလည်း အဆိုပါကြေညာချက်၌ ဆက်လက် ဖော်ပြထားကြောင်း သိရသည်။

**Mon**

# မာဂါဝါအမည်ရှိ မြေမြှုပ်မိုင်းရှာဖွေရေးကြွက်ရုပ်တု ကမ္ဘောဒီးယားနိုင်ငံ၊ စီယမ်ရိ(ပ်)မြို့၌ ဖွင့်လှစ်ပြသ

**ဖနွမ်းပင် မေ ၅**

သူရဲကောင်းပြောင်မြောက်မှုအတွက် ရွှေတံဆိပ်ဆု ချီးမြှင့်ခြင်းခံခဲ့ရသော ကျော်ကြားသည့် မြေမြှုပ်မိုင်းရှာဖွေရေး ကြွက်အားဂုဏ်ပြုသောအားဖြင့် ကမ္ဘာ့ပထမဆုံး မြေမြှုပ်မိုင်းရှာဖွေရေးကြွက်အထိမ်းအမှတ်ရုပ်တု တည်ဆောက်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အသက် ၈ နှစ်အထိ နေထိုင်ခဲ့သော မာဂါဝါအမည်ရှိ အဆိုပါကြွက်သည် ၂၀၁၆ ခုနှစ်မှ စတင်သည့် ၎င်း၏ ၅ နှစ်တာလုပ်သက်အတွင်း ကမ္ဘောဒီးယားနိုင်ငံရှိ မြေမြှုပ်မိုင်းနှင့် အခြားသောပေါက်ကွဲစေတတ်သည့် ပစ္စည်းပေါင်း ၁၀၀ ကျော်ကို ရှာဖွေဖော်ထုတ်ပေးနိုင်ခဲ့သည်။

အနုပညာရှင်များက ဒေသထွက်ကျောက်တုံးများဖြင့် ထုဆစ်ထားသော အဆိုပါကြွက်ရုပ်တုကို မေ ၄ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မိုင်းအန္တရာယ် အသိပညာပေးနေ့အမီ ကမ္ဘောဒီးယားနိုင်ငံ၊ စီယမ်ရိ(ပ်)မြို့၌ မေ ၃ ရက်တွင် ဖွင့်လှစ်ပြသခဲ့ကြောင်း သိရသည်။ **Mon**






# ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ယခုနှစ်မီးခိုးမြူအန္တရာယ်ဆိုးရွား လေထုညစ်ညမ်းမှုနှင့် ဆက်စပ်သည့် ဖျားနာမှုများ နှစ်ဆကျော်လာ

**ဘန်ကောက် မေ ၅**

ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ယခုနှစ်အတွင်း ဖြစ်ပွားနေသော မီးခိုးမြူအန္တရာယ်သည် မကြာသေးမီနှစ်များအတွင်း အဆိုးရွားဆုံးအခြေအနေတွင် ရှိနေပြီး လေထုညစ်ညမ်းမှုနှင့် ဆက်စပ်သည့် ဖျားနာမှုများမှာ နှစ်ဆကျော်မြင့်တက်လာသည်ဟု တာဝန်ရှိသူများက သတိပေးထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ချင်းမိုင်မြို့တွင် မနေ့ကအထိ ထူထပ်သော မီးခိုးမြူများ ဆက်လက်ဖုံးလွှမ်းနေပြီး အမှုန်အမွှားအဆင့်သည် ဘေးကင်းလုံခြုံသည့် သတ်မှတ်ချက်ထက် အဆပေါင်းများစွာ မြင့်မားနေသည်။

ချင်းမိုင်တက္ကသိုလ်၏ လေထုအရည်အသွေး စောင့်ကြည့်စစ်ဆေးရေးစနစ်အရ ချင်းဒေါင်ခရိုင်တွင် တစ်ကုဗမီတာလျှင် အမှုန်အမွှား ၈၀၈ မိုက်ခရိုဂရမ်အထိ ရှိနေပြီး ယင်းသည် ထောက်ခံချက်ပေးထားသော ဘေးကင်းလုံခြုံမှု အဆင့်ထက် အဆ ၂၀ ကျော် ပိုမိုများပြားနေသည့် အလွန်အမင်းစိုးရိမ်ရသော အခြေအနေဖြစ်သည်ကို ပြသနေသည်။

လေထုအရည်အသွေး တိုင်းတာသည့် အဖွဲ့အစည်းတစ်ခုဖြစ်သော အိုင်ကျူအဲ၏ ထုတ်ပြန်ချက်အရ အဆိုပါမြို့သည် ကမ္ဘာတစ်ဝန်း လေထုညစ်ညမ်းမှုအများဆုံးမြို့များစာရင်းတွင် ဒုတိယနေရာ၌ ရှိနေကြောင်း သိရသည်။

**Mon**

STOP AIDS



# ပါကစ္စတန်နိုင်ငံ၌ မွေးကင်းစကလေးငယ်များတွင် မျောက်ကျောက်ရောဂါကူးစက်ခံစားနေရ




**အစ္စလာမ္မာဘတ် မေ ၅**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ပါခရိုင်ရှိမွေးကင်းစကလေးငယ်များတွင် မျောက်ကျောက်ရောဂါ ဖြစ်ပွားနေကြောင်း ဆင်းပြည်နယ်ရှိကျန်းမာရေးအာဏာပိုင်များက ယမန်နေ့တွင် အတည်ပြုပြောကြားခဲ့သည်။

ကလေးများသည် ပုံမှန်မဟုတ်သော အရေပြားရောဂါလက္ခဏာများ ခံစားနေရကြောင်း ကျန်းမာရေးဌာနက ပြောကြားခဲ့သည်။

ဓာတ်ခွဲ စမ်းသပ်မှုများ လုပ်ဆောင်ခဲ့ပြီးနောက် ၎င်းကလေးငယ်များတွင် ရောဂါပိုးရှိကြောင်း ကျန်းမာရေးအာဏာပိုင်များက အတည်ပြုခဲ့သည်။

အာဏာပိုင်များက ရောဂါပိုးကူးစက်နိုင်ခြေများကို စစ်ဆေးဖော်ထုတ်နေစဉ် အစိုးရနှင့် ပုဂ္ဂလိကဆေးရုံများ၌ မွေးကင်းစကလေး အထူးကြပ်မတ်ကုသဆောင်များကို ယာယီပိတ်ထားခဲ့သည်။

ရောဂါပိုးကူးစက်ခံရသူများနှင့် ထိတွေ့သူများအား ခြေရာခံခြင်းကို ဆက်လက်လုပ်ဆောင်နေပြီး တင်းကျပ်သော ကူးစက်မှုထိန်းချုပ်ရေး အစီအမံများကို ကျင့်သုံးရန် တာဝန်ရှိသူများက ဆေးရုံများအား ညွှန်ကြားထားသည်။

ရောဂါလက္ခဏာများခံစားရသည့် ကလေးငယ်များ ထပ်မံတွေ့ရှိပါက ဆေးကုသမှုခံယူရန် ကျန်းမာရေးဌာနများသို့ အမြန်ဆုံးပို့ဆောင်ရန် တာဝန်ရှိသူများက ပြည်သူများအား တိုက်တွန်းထားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# 'ဖေဖေ လူဆိုးကြီး မဟုတ်ပါ'

သားလေး မောင်ရဲရင့်အောင်၏အသက်မှာ သုံးနှစ်ကျော်၊ လေးနှစ်အတွင်းသို့ ရောက်လာပြီမို့ မူကြိုကျောင်းထားဖို့ မိဘတို့၏ဆန္ဒက ပြင်းပြနေကြသည်။ တစ်ချို့ မူကြိုကျောင်းများမှာမူ ကလေးထိန်းကျောင်းသာသာမျှသာရှိသည့်အတွက် ထိုကဲ့သို့သော မူကြိုကျောင်းမျိုးတွင် သားလေးကို မထားလိုပေ။ ထားရမည့် မူကြိုကျောင်းကို ရွေးချယ်ကြသည်။

ကျွန်တော်တို့မြို့နယ်တွင် ဖွင့်လှစ်ထားသည့် အင်္ဂလိပ်မူကြိုကျောင်းတွင်ထားဖို့ရန် မိဘနှစ်ယောက်က ကြိုးစားကြရသည်။ သားလေး၏ မူကြို ကျောင်းစရိတ်မှာ မသေးလှပေ။ နေ့လယ်နေ့ခင်းအိပ်ဖို့ ခေါင်းအုံးတစ်လုံး၊ ထမင်းဘူး၊ မုန့်ဘူး၊လက်သုတ်ပဝါ၊ ဆွဲခြင်း၊ ရေဘူး၊ လွယ်အိတ်၊ ခဲတံ၊ ဗလာစာအုပ်၊ ပေတံစသည်တို့ကို ဝယ်ရသည်။ ကျောင်း၌ ဝတ်စားဆင်ယင်မှုအတွက် အဝတ်အစားရောင်းတဲ့ဆိုင်သွားကာ စိတ်တိုင်းကျ ရွေးချယ်ပြီး ဘောင်းဘီကို ဖစ်ဆွဲဘောင်းဘီများကိုသာ ဝယ်ယူပေးရသည်။

သားအတွက် တစ်ပြည်လျှင် ခုနစ်ထောင်၊ ရှစ်ထောင်ကျပ်ပေးရသော ဆန်၊ အမဲသား၊ ကြက်သား၊ ကြက်ဥ စသည်ဖြင့် သင့်သလို ကောင်းစွာ စီမံချက်ပြုတ်ပေးရပြန်သည်။ မုန့်ဖိုးကလည်း မနည်းလှ။ တစ်နေ့လျှင် ငါးထောင်ကျပ် ကုန်ကျသည်။ ကျောင်းလခမှာ တစ်လလျှင် နှစ်သိန်းကျပ်ပေးရ၏။ အဖေတို့ အမေတို့မှာ မချမ်းသာသော်လည်း သားကို ပညာတတ်ဖြစ်စေလိုသည့် စေတနာကြောင့် ကုန်ချင်သလောက်သာကုန်ပါစေ ဖြစ်တဲ့နည်းနှင့်ပင် အင်္ဂလိပ်မူကြိုကျောင်းကို ထားဖြစ်အောင်ထားရခြင်းဖြစ်သည်။ သားလေးမျက်နှာမငယ်ရအောင် ကျွေးမွေးပြုစုပေးရသော်လည်း မိဘနှစ်ပါးဖြစ်ကြသည့် ကိုအောင်မိုးဝင်း၊ မသင်းသင်းရီတို့မှာမူ ဖြစ်သလို နေ့စဉ် စားကြရသည်။

ဤသည်တို့မှာလည်း သားလေး မောင်ရဲရင့်အောင်အပေါ်ထားရှိသည့် မိဘတို့၏ တုနှိုင်းမရသော ချစ်ခြင်းမေတ္တာတရား ဖြစ်ပေသည်။ သားလေး မောင်ရဲရင့်အောင် မူကြိုတက်ရောက်နေသည်မှာ တစ်လမျှပင်မပြည့်တတ်သေးပေ။သို့သော်လည်း သား၏ အခြေအနေကို သိချင်သဖြင့် အဖေက 'သား..သား..ဆရာမက ဘာစာတွေ သင်ပေးသလဲကွ' ဟု မေးမိလိုက်သည်။ အမေဖြစ်သူကလည်း မေးသည်။ 'ခွေးကို ဘယ်လိုခေါ်သလဲ သား' ဟု နမိတ်ပြ မေးခွန်းထုတ်လိုက်၏။ 'သားက ဒီကိုဂျီ..ဒေါ့ခွေး' ဟု ဆိုလိုက်သည့်အတွက် အဖေက မျက်မှောင်ကြုတ်သွားရသည်။

'ဘယ်လိုသားရဲ့ ဆိုပြစမ်းပါဦး' 'ဒီကိုဂျီ..ဒေါ့ခွေး' ဟုပင် သားငယ်က ထပ်ဆိုသည်။ 'မဟုတ်ဘူး သားရဲ့၊ ဒီအိုဂျီဒေါ့ပါကွ' ဟု ပြင်ဆိုပေးလိုက်သည့်တွင်လည်း သားက 'ဒီကိုဂျီ' ဟုသာ ဆိုနေသည်။ 'ကို မဟုတ်ပါဘူးကွာ၊ အို…အို…အို' ဟု လိုက်ဆိုခိုင်းရသည်။ သားလေးမောင်ရဲရင့်အောင်မှာ 'အို…အို…အို' ဟု ခဏသာလိုက်၍ဆိုသည်။ ပြီးတော့ 'အို' အစား 'ကို' ဖြစ်သွားပြန်သည်။ 'ဒီအိုဂျီ' ဟု ဆိုခိုင်းလိုက်တိုင်း 'ဒီကိုဂျီ' ဟုသာ ဆက်ဆိုသည်။ 'အို' ကို မပီ၍မဟုတ် 'အို' ဟု ပီပီသသဆိုနိုင်ပါသည်။ သို့သော်'ဒီအိုဂျီ' ကို ဆိုခိုင်းသည့်အခါတွင်မူ ဘယ်ကြောင့်သော 'ဒီကိုဂျီ' ဖြစ်နေရသနည်းဟု နားမလည်စွာဖြစ်မိသည်။

ကိုအောင်မိုးဝင်း စိတ်တိုသွားသည်။ အင်္ဂလိပ်စာ စကားတတ်စေချင်လွန်း၍ အကုန်အကျခံထားရသည်။ သည်စာကိုတောင် မတတ်ရကောင်းလား၊ အထပ်ထပ်အခါခါသင်ပေးသည်ကိုပင် မရကောင်းလားဟူသော ကရုဏာဒေါသစိတ်နှင့် ရိုက်ပုတ်မိလိုက်သည်။ ဒေါသတကြီးနှင့် 'အို.. အို.. အို' ဟု ပြင်းပြင်းဆိုခိုင်းမိသည်။ သို့သော် သားလေးသည် 'ကို' အသံကိုမပျောက် ဆိုမြဲတိုင်းသာ ဆိုလျက်ပင်ဖြစ်သည်။

'သားသားလာ…ဖေဖေစာသင်ပေးမယ်…'

ကိုအောင်မိုးဝင်းက သားငယ်ကို လှမ်းခေါ်လိုက်သည်၊ သားငယ်ကမလာ၊ ထိုင်မြဲတိုင်းထိုင်နေသည်။ 'ဟောကောင်…ရဲရင့်လာလေကွာ… ဖေဖေစာသင်ပေးမယ်' ဟု ကျွန်တော်က ထပ်ပြောလိုက်သည့်အခါတွင် 'သားက စာမဖတ်ချင်ဘူး' ဆိုသည့် အသံကို နားနှင့်ဆတ်ဆတ်ကြားလိုက်ရ၍ အံ့သြစွာ သားကို ကြည့်နေမိ၏။ 'ဘာဖြစ်လို့လဲ သားရဲ့' ဟု မေးလိုက်မိသည်။

'ဖေဖေက ရိုက်တယ်' ဟု သားဖြစ်သူက ပြောလာသည်။ သား၏ စကားကို ကြားလိုက်ချိန်မှာ ကျွန်တော် မိမိအမှားကို သိမြင်လိုက်ရပေသည်။ ခုမှ မူကြိုအဆင့်သာရှိသေးသည့် ကလေးငယ်ကို မိမိဖြစ်စေချင်သမျှ မရမက အတင်းဖြစ်အောင် ပြုလုပ်မိချေပြီဟုလည်း နောင်တရမိသည်။ သားငယ်မှာ စာသင်ရမည်ကို ကြောက်ရွံ့သွားပေပြီ။ တော်စေချင်၊ တတ်စေချင်သည့် မိဘတို့ဆန္ဒနှင့် သားငယ်ကို အတင်းအကျပ် မဖြစ်မနေပြုလုပ်ခိုင်းစေမိခဲ့ပေသည်။

သာယာနာပျော်ဖွယ် ပြောဆို၍ ကလေးငယ်၏ ခံယူနိုင်အားရှိသလောက် ဖြေးဖြေး ပျော့ပြောင်းညင်သာစွာ သင်ကြားပေးမှသာလျှင် ကလေးငယ်တွင် လိုလိုလားလား စာသင်ယူလိုသည့် စိတ်ဆန္ဒ ပေါ်လွင်လာမည်ဟု သတိတရားဝင်လာသည်။ ကိုယ်ဖြစ်စေချင်သည်ကို မဖြစ်မနေဖြစ်အောင် ခိုင်းစေလိုက်ပါက ကလေးငယ်သည် စာသင်ယူလိုစိတ်ကင်းဝေးလျက် များစွာအခက်အခဲတွေ ကြုံတွေ့ရပေတော့မည်ဟု စိုးရိမ်ပူပန်မှုများ တစ်ဖွားဖွား ဖြစ်ပေါ်လျက်ရှိနေမိသည်။

'ကလေးကို အကြမ်းပတမ်းသင်ပေးလို့မရဘူး။ သူ့ဦးနှောက်မီသလောက် ချော့မော့ပြီး နည်းနည်းစီ သင်ပေးရတယ်။ လူကြီးမိဘတွေ ဖြစ်စေချင်၊ တတ်စေချင်သလောက် ကလေးကို ဖိသင်ပေးလိုက်ရင် အဲ့ဒီကလေးဟာ စာသင်ရမှာ ကြောက်သွားတတ်တယ်။ အဲ့သလိုဖြစ်သွားရင် ကလေးငယ်ဟာ ထုံထိုင်းပြီး လုံးဝစာသင်လို့ ရတော့မှာမဟုတ်ဘူး' ဟု ဆရာတစ်ယောက်က ပြောဖူးတာကို ပြန်လည်အမှတ်ရနေမိပါသည်။

'အဖေ…ခါးကုန်း၊ သားစာတုန်း' ဆိုသည့်အတိုင်း အရွယ်လွန်မှ အိမ်ထောင်ကျခဲ့ကြသဖြင့် ကိုအောင်မိုးဝင်း၊ မသင်းသင်းရီတို့မှ မွေးဖွားလာသည့် မောင်ရဲရင့်အောင်ကို မတို့ရက်၊ မထိရက် အတိုင်းအဆမဲ့ အလွန်တရာမှ ချစ်ခင်မြတ်နိုးတွယ်တာလျက်ရှိကြသည်။

မသင်းသင်းရီသည် အသက် ၃၀ ခန့်မှ အိမ်ထောင်ကျသူဖြစ်၍ သားသမီးမွေးဖွားရန် မသင့်တော့ပေမယ့် မိမိတို့ တစ်သက်တာတွင် အိမ်၏ ဆည်းလည်း သားသမီး တစ်ယောက်တစ်လေတော့ဖြင့် ရှိနေသင့်သည်ဟု ခံယူချက် ပြင်းပြလျက်ရှိသည်ဖြင့် သားသမီးရတနာကို လိုချင်တောင့်တနေမိသည်မှာ အမှန်ပင်ဖြစ်သည်။ အပျိုကြီးဘဝဖြင့် အိမ်ထောင်ကျခဲ့ရသူမို့လည်း အများသူငါ အိမ်ထောင်ကျ၍ ကိုယ်ဝန်ရှိလာသည့်အခါ ဗိုက်ဖုံးအင်္ကျီတကားကားနှင့် ချစ်ရသည့် ခင်ပွန်းသည်၏ လက်ကိုတွဲကာ အတူလမ်းသလားနေကြသည်ကို စိတ်ကူးနှင့် အားကျနေမိသည်။ မျှော်လင့်တောင်းတနေမိသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီနောက်ဆုံးပတ်က မသင်းသင်းရီ၏ ဗိုက်ထဲတွင် ပဋိသန္ဓေကို လွယ်ခဲ့ရပြီဟု အမှတ်ထားမိသည်နှင့် ချစ်ရသည့် ခင်ပွန်းသည်ကို ဝမ်းသာစေလိုသည့် ဆန္ဒပင်ဖြစ်၏။

'ယောကျ်ား ဖောင်စီး၊ မိန်းမ မီးနေ ဆိုတဲ့ စကားရှိတယ် ညီမ။ ဖောင်စီးမီးနေဆိုတဲ့ အလုပ်ဟာ အလွန်အန္တရာယ်ကြီးမားတယ်။ မိန်းမတစ်ယောက် အနေနဲ့ မီးဖွားခြင်းဆိုတဲ့အလုပ်ကို အသက်နဲ့ရင်းပြီး လုပ်ရမယ်။ အဲ့ဒီမှာ ကံ၊ ဉာဏ်၊ ဝီရိယကလည်း အရေးကြီးတယ်။ မိန်းမတစ်ယောက်အနေနဲ့ မီးဖွားခြင်းဆိုတဲ့ အလုပ်ကလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း မိန်းမတစ်ယောက်ဟာ အသက်၁၈နှစ်ပြည့်ပြီးမှသာ ကလေးမွေးဖွားသင့်တယ်လို့ ဆိုထားပါတယ်။ အသက် ၃၀-၃၅ ကျော်ခဲ့ရင် ကလေးမွေးဖွားဖို့ မသင့်တော်တော့ဘူးလို့ အဆိုအမိန့်ရှိတယ်။ အခု ညီမအသက်က ၃၀ကျော်ပြီဆိုတော့ အလွန်အန္တရာယ်ကြီးမားလှတယ်။ မွေးဖွားလာမယ့် ကလေးနဲ့ ညီမအတွက်ပါ အစ်ကိုစိုးရိမ်မိတယ်။ ကလေးတစ်ယောက်ကို လိုချင်ပေမဲ့ အန္တရာယ်ချောက်ကမ်းပါးထဲကိုတော့ ဆွဲမချချင်ဘူး' ဟု ခင်ပွန်းသည်က ပြောသည်။ 'အစ်ကိုရယ်…ညီမအသက်ပေးရင်ပေးရပါစေ။ သားသမီးတစ်ယောက်တော့ ရှိသင့်ပါတယ်။ ညီမသတ္တိရှိပါတယ်။ အစ်ကို ကလေးဖွားတဲ့မိခင်တိုင်းဟာ သင်္ချိုင်းကို ခြေတစ်ဖက် လှမ်းထားတယ်ဆိုတာကို ညီမသိတယ်။ သတ္တဝါတစ်ခု ကံတစ်ခုပေါ့ အစ်ကို…'

'အစ်ကိုကလည်း ကလေးမွေးတဲ့လူတိုင်းမှာ သေတတ်တယ်လို့ မပြောပါဘူး၊ သူ့အချိန် သူ့အခါ မဟုတ်ပဲ မွေးရ၊ ဖွားရမှာမို့ စိုးရိမ်နေတာပါကွာ..'။ ဇနီးဖြစ်သူ သင်းသင်းရီက အလျှော့မပေးပါ။

'စွန့်စားရမှာပေါ့ အစ်ကိုရယ်…' ဟု ဆိုလာသဖြင့် ခင်ပွန်းသည်မှာ နှုတ်ဆိတ်ခဲ့ရသည်။ ကိုအောင်မိုးဝင်းသည် နောက်ဆုံးတော့ ဇနီး သင်းသင်းရီ၏ ဆန္ဒကို လိုက်လျောခဲ့ရသည်။ ကျန်းမာရေးဌာနတွင် ကိုယ်ဝန်ကိုပြ၍ စောင့်ရှောက်မှုကို ခံယူခဲ့သည်။ ကိုယ်ဝန်ဆောင် ပေါင်ပြည့်မီမှု ရှိ၊ မရှိကို သိရှိရန် ပေါင်ချိန်ရသည်။ ဟင်းသီး၊ ဟင်းရွက်၊ ပဲအမျိုးမျိုး၊ အသည်း၊ သွေး၊ ကြက်ဥ၊ အသား၊ ငါး စသည်တို့ကို ကိုယ်ဝန်ဆောင်နေစဉ်အတွင်း သင့်သလို စီစဉ်ဆောင်ရွက်ပေးသည်။ လရင့်လာသည့်အခါတွင် ခြေထောက်၊ မျက်နှာ၊ လက်တို့ ထူးခြားစွာ ရောင်ကိုင်းမလာစေရန် ဂရုစိုက်ပြုစုရသည်။ သွေးအားနည်းရောဂါ မဖြစ်ရန် ပြုစု၏။ မျက်ခွံအတွင်းသားများ ဖြူဖတ်ဖြူရော် ဖြစ်၊ မဖြစ်ကို စစ်ဆေးရသည်။ နေ့လယ်၊ နေ့ခင်းများတွင် ပိုမိုအနားယူအိပ်စက်စေသည်။ ပင်ပင်ပန်းပန်း အလုပ်မျိုးကို မလုပ်ခိုင်းဘဲ အေးဆေးစွာ အနားယူခိုင်းရသည်။

မကြာခင်မှာပဲ နိုဝင်ဘာ ၂၀ရက် ဗုဒ္ဓဟူးနေ့ ည ၉နာရီတွင် မန္တလေးပြည်သူ့ဆေးရုံကြီး၌ သားရတနာကလေးကို ကျန်းမာစွာ၊ ကောင်းမွန်စွာ မွေးဖွားနိုင်ခဲ့သည်။ မွေးဖွားရာတွင် အနည်းငယ် အခက်အခဲရှိခဲ့သည်မှာ မှန်သော်လည်း ကြိုတင်ပြင်ဆင်မှု၊ ကာကွယ်မှု၊ ပြုစုစောင့်ရှောက်မှု ရှိထားသဖြင့် မျှော်လင့်ထားသလောက် ပြဿနာမပေါ်ခဲ့ပေ။ မွေးဖွားတဲ့ သားလေးကို ဆရာများက ဆေးကြောသန့်စင်ပေးပြီး တစ်နာရီအတွင်းမှာပင် ပထမဦးဆုံးသော နို့ဦးရေကြည် ဝါပျစ်ပျစ်ကို သားလေးအား တိုက်ကျွေးလိုက်မိသည်။ ထို ပထမဦးဆုံးသော နို့ဦးရည်ကြည် ဝါပျစ်ပျစ်၏ အကျိုးအာနိသင်ကို မသိ၊ ကလေးကို ချစ်သောစိတ်၊ ကလေး ဆာလောင်နေမည်ကို စိုးရိမ်သောကြောင့်လားတိုက်လိုက်မိသည်။ တိုက်ပြီးမှ ဒီဝါပျစ်ပျစ် နို့ရည်ကို တိုက်လို့ ကလေးတစ်ခုခုဖြစ်လေမလားဟု စိုးရိမ်နေမိသည်။

'အဲဒီ ပထမဦးဆုံး နို့ဦးရည်ကြည်ဟာ ကလေးအတွက် အလွန်ကောင်းတဲ့ အဟာရဖြစ်သလို အဖိုးတန် ဆေးတစ်ပါးလည်း ဖြစ်တယ်။ ကလေးရဲ့ကိုယ်ထဲမှာ အလွယ်တကူ ကူးစက်တတ်တဲ့ရောဂါတွေကိုလည်း ဒီနို့ဦးရည်ကြည် ဝါပျစ်ပျစ်က အကာအကွယ်ပေးတယ်' ဟု ခင်ပွန်းသည် ပြောစကားကို ကြားလိုက်မှ မိမိပထမဦးဆုံး တိုက်လိုက်သည့် နို့ဦးရည်ကြည်၏ အာနိသင်ကို သိရသည်။

အပျိုကြီးဘဝဖြင့် အနေကြာလာခဲ့သည့်အတွက်မို့ထင်သည်။ ကလေးကို လူကြားသူကြား၌ နို့တိုက်ရမည်ကို ရှက်ရွံ့သလို ဖြစ်နေမိသည်။ ကလေးနို့ဆာ၍ တိုက်ရလျှင်လည်း ထိထိမိမိ မဟုတ်ဘဲ ဖြစ်သလို လူမမြင်၊ သူမမြင်အောင် ကမန်းကတန်း တိုက်လိုက်မိသည်။ ကြာလာတော့ နို့အုံများ ရောင်လာသည်။ နို့သီးခေါင်းများ ကွဲလာသည်။ ကလေးနို့တိုက်တယ်ဆိုတာ ထိထိမိမိဖြစ်အောင် စနစ်တကျ ပွေ့ချီပြီး တိုက်ရတယ်။ သင်းသင်းရီသည် ယောကျ်ားပြောသမျှကို နားထောင်နေသည်။ ကလေးကို နို့ချိုတိုက်ကျွေးသည့်အခါ နို့သီးခေါင်းမှာ ကွဲနေသဖြင့် ပထမတွင် မျက်ရည်ပေါက်ပေါက် ကျခဲ့ရသည်။ အသည်းခိုက်အောင်လည်း နာကျင်မှု ဝေဒနာကို ခံစားရသည်။ သားသမီးအတွက်ဆို အသက်ကိုပင် အသေခံရဲသော မိခင်တိုင်း၏ မေတ္တာရှိသူဖြစ်၍လည်း သည်ဝေဒနာလောက်ကိုတော့ဖြင့် မမှုပေ။ အံကို တင်းတင်းကြိတ်၍ နို့ချိုတိုက်ကျွေးနေသည်။

'ဟ…ဒီသားအဖ တိတ်လှချည်လား၊ ဘာလုပ်နေကြလည်း' ဟူသော ဇနီးသင်းသင်းရီ၏ အသံကို ကြားလိုက်မှ ကိုအောင်မိုးဝင်း၏ အတွေးများ ပြတ်တောက်ခဲ့ရသည်။

'ဘာမှ မလုပ်ပါဘူးကွာ…ရှေ့ဖြစ်နောက်ကြောင်းလေးတွေ ပြန်ပြီး အတွေးဝင်သွားမိလို့' 'ဘာလဲ သားနဲ့ ညီမအကြောင်းပဲ မဟုတ်လား..'

'ဒီသားနဲ့ ဒီမယားကလွဲလို့ ဘယ်သူ့အကြောင်းထည့်ပြီး စဉ်းစားရမှာလဲကွာ…'

'သိနိုင်ဘူးတော်ရေ့' ဟု ဇနီး သင်းသင်းရီက အငေါ်တူးတဲ့ စကားလုံးများနှင့် ပြန်ပြောလိုက်လေသည်။

'ဟာ…မင်းစကားက ဘယ်လိုဟာလဲ..' 'ဟ..ဟ..ဟား၊ အလကားစတာပါ အစ်ကိုရယ်…တကထဲမှပဲ မျက်နှာကြီးက ရှာတော့မဲ့ မိုးလိုပဲ မဲသွားလိုက်တာ..' 'မဟုတ်ပါဘူးကွာ…ညီမစကားက တစ်မျိုးကြီးမို့ပါ' ဟု လေချိုသွေးလိုက်မိသည်။ ထိုစဉ်..ဘေးနားမှာ ငြိမ်သက်စွာ ထိုင်နေသည့် သားက တစ်ခန်းထလာသည်။

'ဖေဖေလူဆိုးကြီးတဲ့၊ ကဲ…ပြောစမ်းပါဦး သားရယ်။ ဖေဖေက ဘာဖြစ်လို့ လူဆိုးကြီးဖြစ်ရပြန်တာလဲ' 'ဖေဖေက သားကိုရိုက်တယ်' ဟု သားလေးမောင်ရဲရင့်အောင်က ပြောသည်။ ပြီးတော့ 'ဖေဖေ သားကို ချစ်လား' ဟု တစ်ဆက်တည်း မေးလိုက်ပြန်သည်။

'ချစ်တာပေါ့ သားရယ်' ဟု ကိုအောင်မိုးဝင်းက ပြန်ပြော၏။

'ချစ်ရင် ဘာလို့သားကို ရိုက်လည်း' ဟု သားငယ်၏ ထပ်တွန့်မေးခွန်းကြောင့် ကိုအောင်မိုးဝင်း အံ့သြသွားရပြန်သည်။ သည်ကလေး သည်မျှလောက် တတ်နေလိမ့်မည်ဟု မထင်မိခဲ့။ အခုတော့ဖြင့် သားလေးမှာ တတ်လွန်း၊ သိလွန်းနေပြီ။ ဇနီးသည်က 'ဘယ့်နှယ့်ရှိစ' ဟု ပြောနေပြန်သည်။ ကိုအောင်မိုးဝင်းက သားငယ်ကို အသာအယာဆွဲယူပွေ့ဖက်လိုက်၏။ ဖေဖေသားကို ရိုက်ပြီး စာသင်မပေးတော့ပါဘူး သားရယ်…။ ဖေဖေ့ကို လူဆိုးကြီးလို့ မထင်လိုက်ပါနဲ့ကွယ်..' ဟု ရင်ထဲမှာ ပြောမိ ပါတော့သည်။

**ဟန်ကိုဇင် (အမရပူရ)**

# လွယ်ကူလေ့လာ AI နည်းပညာသင်တန်း (၃/၂၀၂၆) လားရှိုးခရိုင် လူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်သင်ကြားပေး



**လားရှိုး မေ ၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လားရှိုးခရိုင်ရုံးကကြီးမှူးပြီး မင်္ဂလာ AI ဖြင့် ပူးပေါင်း၍ လွယ်ကူလေ့လာ AIနည်းပညာသင်တန်း (၃/၂၀၂၆)ကို မေ ၄ ရက်က လားရှိုးခရိုင် လူထုအခြေပြုဗဟိုဌာန (Community Centre)ရှိ သင်တန်းခန်းမ၌ ဖွင့်လှစ်သင်ကြားသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွဲဖက်ပြည်နယ်ရုံး (လားရှိုး)မှ ဒုတိယညွှန်ကြားရေးမှူးဦးဇော်ဌေးအောင်က အမှာစကားပြောကြားပြီး လားရှိုးခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းနေလှိုင်က လွယ်ကူလေ့လာ AIနည်းပညာသင်တန်း (၃/၂၀၂၆) ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မင်္ဂလာ AI မှ နည်းပြဆရာ ဦးအောင်သူထွန်းက AI နည်းပညာနှင့် ပတ်သက်၍ မိတ်ဆက်စကားပြောကြားခဲ့ပြီး သင်တန်းအားဖွင့်လှစ်ခဲ့ရာ AI၏ အခြေခံသဘောတရားများ၊ သမိုင်းအကျဉ်းနှင့် ခေတ်စားလာပုံ၊ အမျိုးအစားနှင့် အရေးပါသောနည်းပညာများ၊ အလုပ်လုပ်သည့်အခြေအနေ၊ အသိပညာရှာဖွေခြင်းနှင့် ပြဿနာဖြေရှင်းခြင်း၊ ပညာရေးနှင့်သုတေသန၊ စီးပွားရေးနှင့် လုပ်ငန်းခွင်၊ Programming နှင့် Coding ရေးသားနည်း၊ တီထွင်ဖန်တီးမှုဆိုင်ရာလုပ်ငန်းများ၊ ကိုယ်ပိုင်အရည်အချင်းမြှင့်တင်ခြင်း၊ ဓာတ်ပုံဖြင့်အဖြေရှာနည်း၊ ကျန်းမာရေးအတွက် ဆွေးနွေးခြင်း စသည့်အကြောင်းအရာများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခဲ့ရာ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၂၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

လှမော် (ပြန်/ဆက်)

၀–၀–၀–၀–၀–၀–၀



# လျှပ်စစ်ဓာတ်အားကြောင်း သိကောင်းစရာဟောပြောပွဲနှင့် လျှပ်စစ်ဓာတ်ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်း ပြုလုပ်

**မိုင်းရယ် မေ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းရတနာခန်းမတွင် လျှပ်စစ်ဓာတ်အန္တရာယ်အကြောင်းသိကောင်းစရာနှင့် လျှပ်စစ်ဓာတ်ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်းကို မေ ၄ ရက် နံနက် ၁၀ နာရီက ပြုလုပ်သည်။

အဆိုပါ လျှပ်စစ်ဓာတ်အန္တရာယ်အကြောင်းသိကောင်းစရာ ဟောပြောပွဲတွင် မိုင်းရယ်မြို့နယ် မီးသတ်ဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးဇော်ထွန်းဦးက လျှပ်စစ်ဓာတ်ကြုံတွေ့လာပါက ပြည်သူများသိထားသင့်သည့် လိုက်နာဆောင်ရွက်ရန်အချက်များ၊ လျှပ်စစ်ဓာတ်ကြုံတွေ့ပြီးပါက လိုက်နာဆောင်ရွက်သင့်သည့် အချက်များကို ဟောပြောသည်။

ထို့နောက် မိုင်းရယ်မြို့နယ် မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များက လျှပ်စစ်ဓာတ်ကြုံတွေ့ချိန်တွင် ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်မှုများကို တက်ရောက်လာသည့် ပြည်သူများနှင့်အတူ ဇာတ်တိုက်လေ့ကျင့်ခြင်းများ ပြုလုပ်သည်။ လျှပ်စစ်ဓာတ်အန္တရာယ်အကြောင်းသိကောင်းစရာနှင့် လျှပ်စစ်ဓာတ်ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်းသို့ မိုင်းရယ်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်သူများ စုစုပေါင်း ၇၀ ဦး ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြောပွဲ ကွင်းဆင်းဆောင်ရွက်

**ဟိုပုံး မေ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို မေ ၄ ရက် နံနက် ၉ နာရီက လွယ်အွန့်ကျေးရွာအုပ်စု၊ နောင်တောင်းထိကတူးပရဟိတကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်မင်းဦးက မီးခိုးမြူငွေ့ဖြစ်ပေါ်လာပုံ၊ မီးခိုးမြူငွေ့အန္တရာယ်၊ မီးခိုးမြူငွေ့ညစ်ညမ်းမှု၏ ဆိုးကျိုးများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှု ဖြစ်ပွားစေတတ်သော ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးနည်းလမ်းများကို အကျယ်တဝင့် ဟောပြောသည်။

ထို့နောက် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးအောင်အောင်ထွန်းက သစ်တောပြုစုထိန်းသိမ်းခြင်းဆိုင်ရာ၊ သစ်ပင်စိုက်ပျိုး၊ ပြုစု၊ ထိန်းသိမ်းခြင်းဆိုင်ရာ အကြောင်းအရာများ၊ ဒေသအတွင်း Fire Hotspots ဖြစ်ပေါ်မှုလျှော့ချရေး၊ နယ်စပ်ဒေသဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းထိန်းချုပ်ရေးနှင့် တောမီးထိန်းချုပ်ရေးဆိုင်ရာ နည်းလမ်းများ၊ တောမီးလောင်ကျွမ်းမှု လျှော့ချရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အကြောင်းအရာများနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် အချက်များကို ဟောပြောခဲ့သည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည့် အကြောင်းအရာများကို မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ဆွေးနွေးပြောကြားပြီး သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲကို ကျောင်းသား၊ ကျောင်းသူများ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို တန်ဖိုးထားဆောင်ရွက်တတ်စေရန်၊ သစ်တောသစ်ပင်စိုက်ပျိုးရေးကို အလေးထားဆောင်ရွက်နိုင်စေရန်နှင့် မီးခိုးမြူငွေ့အန္တရာယ်မှ တားဆီးကာကွယ်နိုင်စေရန် ရည်ရွယ်၍ ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်–၅)

၀–၀–၀–၀–၀–၀–၀



# Essay & Letter ရေးနည်းသင်တန်း(အခမဲ့) ဖွင့်လှစ်

**ကျောက်ဆည် မေ ၅**

ကျောင်းသား၊ ကျောင်းသူများ အင်္ဂလိပ်စာရေးသားရာတွင် ကျွမ်းကျင်တက်မြောက်စေရန် ရည်ရွယ်၍ ကျောက်ဆည်ခရိုင် လူထုအခြေပြုဗဟိုဌာနတွင် မေ ၃ ရက် နံနက် ၈ နာရီက Essay & Letter ရေးနည်းသင်တန်း (အခမဲ့) ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

သင်တန်းတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ နွေရာသီအားလပ်ရက်များတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် ထူးချွန်ထက်မြက်ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ Essay &Letter ရေးနည်းသင်တန်း (အခမဲ့) ဖွင့်လှစ်ရခြင်းဖြစ်သည်။

သင်တန်းတွင် ဆရာမဒေါ်အေးစုမွန်က Essay & Letter ရေးသားပုံ၊ ရေးသားနည်းများ၊ သဒ္ဒါထားသိုနည်းများ အကြောင်းကို စနစ်တကျသင်ကြားပေးလျက်ရှိပြီး အဆိုပါ Essay & Letter ရေးနည်း အခမဲ့သင်တန်းသို့ ကျောက်ဆည်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၃၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ၂၀၂၆ ခုနှစ် မေ ၃ ရက်မှ မေ ၁၀ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

စုစုအေး(ကျောက်ဆည်)

# မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်

**တောင်တွင်းကြီး မတ် ၅**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်တွင် မီးဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန်နှင့် မီးသတ်ဆေးဘူးအား အသုံးပြု၍ မီးငြိမ်းသတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မီးဘေးလုံခြုံရေး ဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၈ နာရီက ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံး (တည်ဆောက်ရေး–၃)၌ ကျင်းပခဲ့သည်။

အဆိုပါ မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးအရာရှိ ဦးစောမောင်၏ လမ်းညွှန်မှုဖြင့် ဒုတိယမီးသတ်ဦးစီးမှူး၊ မီးသတ်စခန်းမှူး ဦးသက်နိုင်ဦး ဦးဆောင်၍ မီးအခြေခံသဘောတရား၊ မီးသတ်ဆေးဘူး အသုံးပြုနည်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းများအား အသိပညာပေးဟောပြောခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ မီးငြိမ်းသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုများကို ဆောင်ရွက်ခဲ့သည်။

ထို့နောက် မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးရာတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (တည်ဆောက်ရေး –၃)ရုံး ဝန်ထမ်းများ၏ ဝန်ထမ်းလိုင်းခန်း ၇၀ ကျော်အား စနစ်တကျမီးသုံးစွဲမှု ရှိ၊ မရှိ၊ လျှပ်စစ်ဝါယာကြိုးများ စနစ်တကျ သွယ်တန်းထားမှု ရှိ၊ မရှိ တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးပြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရေလှောင်ကန်များတွင် ရေဖြည့်တင်းထားရှိရေး၊ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးနှင့် မီးသတ်ဆေးဘူးများ ဆောင်ရွက်ထားရှိရေး၊ မီးလောင်လွယ်သည့် အရာဝတ္ထုပစ္စည်းများအား စနစ်တကျ သိုလှောင်ထားရှိရေး၊ ဖယောင်းတိုင်မီး၊ ခြင်ဆေးမီး၊ မီးဖိုမီးများအား စနစ်တကျ ငြိမ်းသတ်ပြီးမှ အိပ်ကြပါရန်၊ လျှပ်စစ်မီးအား သတိထားကိုင်တွယ်ကြရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

နောင်နောင် (မိဿနိုးမြေ)



ရေနုတ်မြောင်းအတွင်း
စည်းကမ်းမဲ့ အမှိုက်မစွန့်ပစ်ခြင်းဖြင့်
သင်၏ ဂုဏ်ကို မြှင့်တင်ပါ။

# ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ လမ်း ၃၀နှင့် ၈၃လမ်းထောင့်နေ **ဦးသူရလင်း(ဘ)ဦးဆန်လင်း(၁၃/သပန(နိုင်)၀၅၇၂၉၃)**၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

" SILVER"
**စာချုပ်အမှတ် – ၄၆၉/ ၂၀၂၆**

" ASTER"
**စာချုပ်အမှတ် – ၄၇၀/ ၂၀၂၆**

" Yes Time"
**စာချုပ်အမှတ် – ၄၇၁/ ၂၀၂၆**

"BREEZO"
**စာချုပ်အမှတ် – ၄၇၂/ ၂၀၂၆**

ကျွန်ုပ်၏မိတ်ဆွေ **ဦးသူရလင်း** သည် အထက်ဖော်ပြပါ **"SILVER"**၊ **"ASTER"**၊ **"Yes Time"**၊ **"BREEZO"** အမည်အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင်အမည်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်–**၄၆၉/ ၂၀၂၆**၊ မှတ်ပုံတင်စာချုပ်အမှတ်–**၄၇၀/ ၂၀၂၆**၊ မှတ်ပုံတင်စာချုပ်အမှတ်–**၄၇၁/ ၂၀၂၆**၊ မှတ်ပုံတင်စာချုပ်အမှတ်–**၄၇၂ / ၂၀၂၆** များအရ တရားဝင် မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ယင်းအမည်အမှတ်တံဆိပ်များဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း၌ တင်သွင်းထုတ်လုပ်၍ **(အမျိုးသမီးဝတ်၊ အမျိုးသားဝတ်၊ ကလေးဝတ်၊ စွပ်ကျယ်၊ အတွင်းခံနှင့် အဝတ်အထည်အမျိုးမျိုး)** ထည့်သွင်းထားသော ထုပ်ပိုးပစ္စည်းအမျိုးမျိုးတို့ပေါ်တွင် ကပ်နှိပ်၊ ရိုက်နှိပ်၊ ပုံနှိပ်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်၏မိတ်ဆွေ **ဦးသူရလင်း** ပိုင် အမည်အမှတ်တံဆိပ်များ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပသုံးစွဲ၍ **(အမျိုးသမီးဝတ်၊ အမျိုးသားဝတ်၊ ကလေးဝတ်၊ စွပ်ကျယ်၊ အတွင်းခံနှင့် အဝတ်အထည်အမျိုးမျိုး)** ထည့်သွင်းထားသော ထုပ်ပိုးပစ္စည်းအမျိုးမျိုးတို့ပေါ်တွင် ရိုက်နှိပ်၊ ကပ်နှိပ်၊ ပုံနှိပ်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများ မပြုလုပ်ကြပါရန်နှင့် မည်သူမဆို ကျွန်ုပ်မိတ်ဆွေ **ဦးသူရလင်း**၏ အကျိုးစီးပွား ထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ–**

**ဒေါ်ခင်နီနီစိုး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**

**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029**

**ladylawyer.khinninisoe@gmail.com**

---

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁၀)၊ ဦးပိုင်နံပါတ်(၂-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ · ၀၃၁)ဧက အကျယ်အဝန်းရှိ ဦးကျန်းချောက်ကန်း အမည်ပေါက် ဂရန်မြေကွက်နှင့်ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဝေထွန်း(ဘ)ဦးလှမောင်သိန်း (၅/ကလထ(နိုင်)၀၀၁၃၇၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်အေးစုထွန်း (LL.B,LL.M,DBL)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်မာမာဋ္ဌေး (LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

---

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်(၁၂၆)၊ ဦးပိုင်နံပါတ်(၄၈-ဃ)အတွင်းမှ တောင်ဘက်ခြမ်း ဧရိယာ(၀ ဒသမ ၀၆၃၃) ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာသွပ်မိုးအဆောက်အအုံ၊ ရေ+မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမွေဆက်ခံပိုင်ဆိုင်သူများဖြစ်ကြသော ၁။ ဒေါ်မီးတို(ခ)မာသာဗိုရွှန်၊ ၂။ဒေါ်မာဂရက်၊ ၃။ ဒေါ်အန်းဘိုးရှင်း၊ ၄။ ဦးဂျွန်ဗိုရွှန်း၊ ၅။ ဒေါ်ဂျူလီ(ခ)နီလာအောင်၊ ၆။ ဦးဘင်ဂျမင်ဘိုးရှင်း၊ ၇။ ဦးအောင်မိုး၊ ၈။ ဦးဇော်မိုး၊ ၉။ ဒေါ်ခင်ခင်မိုး၊ ၁၀။ ဒေါ်တင်တင်မိုး၊ ၁၁။ ဒေါ်ဝင်းဝင်းမိုး၊ ၁၂။ ဒေါ်သီတာမိုး၊ ၁၃။ ဒေါ်ကေသီမိုးတို့ ရောင်းချရာ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီဖြစ်၍ ရောင်းကြေးငွေစရန်အချို့ ပေးချေထားပြီး ဖြစ်ပါသည်။

ဤအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက် တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးဆန်းမြင့်နိုင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**လမ်း၆၀(A)၊ ၄၂လမ်းနှင့်၄၃လမ်းကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၆၀၀၃၃၃**

---

**မန္တလေးမြို့ ၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၃)၊ဦးပိုင်အမှတ်(၂၅)၊ဧရိယာ (၀ ဒသမ ၀၆၈၂)ဧက အကျယ်အဝန်းရှိသော ဒေါ်ဝိဝိဝါနွယ် အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်းဧရိယာ (၂၇ပေ×၄၅ပေ)အကျယ်အဝန်းရှိသော ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း**

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်အဆောက်အအုံ၊ ရေမီတာ၊ လျှပ်စစ်မီတာ(ဆက်လက် သုံးစွဲခွင့်အပါအဝင်)သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၃၁-၃-၂၀၁၆)ရက်စွဲပါ မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်အထူးကိုယ်စားလှယ် ပါဝါအမှတ်(၁၅၅၃/၂၀၁၆)အရ တရားဝင်ဝယ်ယူပိုင်ဆိုင်သူများဖြစ်ကြသော (၁)ဦးထွန်းဝင်း(ဘ)ဦးသိန်းဖေ(၉/မရတ(နိုင်)၀၈၈၈၅၇)၊ (၂)ဒေါ်ခင်မေလှိုင်(ဘ)ဦးထွန်းစိန်(၉/မရတ(နိုင်)၀၈၈၅၉၆)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်ခင်နီနီစိုး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**

**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029**

**ladylawyer. khinninisoe @ gmail. com**

---

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၃)၊ ဦးပိုင်နံပါတ်(၄၇)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်ခင်ညွန့် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်စိုးလွင်(ဘ)ဦးကျော်စွာ(၁၃/တကန(နိုင်)၀၂၉၇၈၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**

**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

❖ နိုင်ငံတော် ရွှေသီးဖို့
ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့
ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့
သဘာဝပတ်ဝန်းကျင်
ထိန်းကြစို့။

## တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူများအား ရထားနှင့်လေယာဉ် အခမဲ့စီးနင်းခွင့်ပြုမည်

နေပြည်တော် ဧပြီ ၅

တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့ဖြစ်သည့် အောင်ဆန်းသူရိယဘွဲ့၊ သီဟသူရဘွဲ့နှင့် သူရဘွဲ့ရရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ဖြစ်သည့် ရဲသီဟတံဆိပ်၊ ရဲသူရတံဆိပ်ရရှိသူများနှင့် ၎င်းတို့၏ ဇနီး သို့မဟုတ် ခင်ပွန်းများ၊ သား၊ သမီးများအား မြန်မာ့မီးရထားအထက်တန်းအခမဲ့ စီးနင်းခွင့်နှင့် မြန်မာ့မီးရထားစီးနင်းခြင်းမပြုနိုင်သော ဒေသများအတွက် နိုင်ငံပိုင်လေကြောင်းလိုင်းအား တစ်နှစ်လျှင် အသွား/အပြန် နှစ်ကြိမ် အခမဲ့စီးနင်းခွင့်ပြုသွားမည်ဖြစ်သည်။

ယခုကဲ့သို့ ခံစားခွင့်ရှိသူများသည် နီးစပ်ရာ မြန်မာ့မီးရထားဘူတာရုံများတွင် ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်ရရှိထားကြောင်း အထောက်အထားပြသ၍ မှတ်ပုံတင်စာရင်းသွင်းကြရမည်ဖြစ်ပြီး မြန်မာ့မီးရထားမှ Smart Card များ ထုတ်ပေးသွားမည်ဖြစ်ပါသည်။ ခရီးသွားလာသည့်အခါ သက်ဆိုင်ရာဌာနများတွင် Smart Card များပြသ၍ မီးရထားလက်မှတ်၊ လေယာဉ်လက်မှတ်များ ထုတ်ယူရန်ဖြစ်ပါသည်။ စတင်မှတ်ပုံတင်စာရင်းသွင်းရမည့် နေ့ရက်ကို အကြောင်းကြားပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ

## ASEAN Futsal Championship 2026 အတွက် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း ပွဲကြိုသတင်းစာရှင်းလင်းပွဲ တက်ရောက်

ရန်ကုန် ဧပြီ ၅

ASEAN Futsal Championship 2026 ပြိုင်ပွဲကြီး ယှဉ်ပြိုင်ရန် ထိုင်းနိုင်ငံသို့ ကြိုတင်ရောက်ရှိနေသည့် မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းသည် ယနေ့တွင် အုပ်စု(က) ပွဲကြို သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲကို ထိုင်းနိုင်ငံ၊ နွန်သဘူရီမြို့တွင် ကျင်းပခဲ့ပြီး အုပ်စု(က)တွင် အတူကျရောက်နေသည့် အိမ်ရှင် ထိုင်း၊ ဗီယက်နမ်၊ အရှေ့တီမောနှင့် မြန်မာအသင်းတို့မှ နည်းပြချုပ်များ တက်ရောက်ကာ ပြိုင်ပွဲအတွက် ပြင်ဆင်မှုအခြေအနေများကို အသီးသီး ရှင်းလင်းပြောကြားခဲ့ကြသည်။




မြန်မာအသင်း၏ နည်းပြချုပ်ဖြစ်သူ Mr. Pattaya Piemkum က "ကျွန်တော် နည်းပြတစ်ယောက်အနေနဲ့ တာဝန်ယူထားတဲ့အတွက် မြန်မာအသင်းရဲ့ အခြေအနေတွေအားလုံးကို အပြည့်အဝ တာဝန်ယူမှုရှိပါတယ်။ ဒီတစ်ခေါက်ပြိုင်ပွဲအတွက် ကျွန်တော်တို့ အာရုံစိုက်ပြီး အသေအချာ ပြင်ဆင်ထားပါတယ်။ အုပ်စုတွင်းပြိုင်ဘက်တွေကလည်း တောင့်တင်းတဲ့အတွက် အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်ရမယ့် ပွဲတွေဖြစ်ပါတယ်။ ဒီပြိုင်ပွဲဟာ ကျွန်တော်တို့အတွက် ကောင်းမွန်တဲ့ အတွေ့အကြုံတွေ ရရှိစေမှာပါ။ ကစားသမားတွေအနေနဲ့လည်း အကောင်းဆုံးကြိုးစားသွားမှာဖြစ်သလို၊ ရရှိလာမယ့် အတွေ့အကြုံတွေကနေသင်ယူပြီး အတိုးတက်ဆုံးဖြစ်အောင် လုပ်ဆောင်သွားရမှာပါ"ဟု ပြောကြားခဲ့သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် AFF Futsal Championship 2026 ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကစားရန် ထိုင်းနိုင်ငံသို့ မတ် ၂၉ ရက်ကတည်းက စတင်ရောက်ရှိနေခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲမတိုင်မီ ခြေစမ်းပွဲ သုံးပွဲယှဉ်ပြိုင်ကစားခဲ့ရာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ တစ်ပွဲသရေ ရလဒ်ထွက်ပေါ်ခဲ့သည်။

ASEAN Futsal Championship 2026 ပြိုင်ပွဲအဖြစ် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ဧပြီ ၆ ရက်၊ ညနေ ၅ နာရီတွင် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

ဝ-ဝ-ဝ-ဝ



## ဂီတာဖေးအသင်းက ဘီလ်ဘာအိုအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

မက်ဒရစ် ဧပြီ ၅

စပိန်လာလီဂါပွဲစဉ်(၃၀) အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၆နာရီခွဲက ဂီတာဖေးအသင်းနှင့် ဘီလ်ဘာအိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂီတာဖေးအသင်းက ဘီလ်ဘာအိုအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဂီတာဖေးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၁၄မိနစ်တွင် ဗာဇ်ကွက်ဇ်၊ ပွဲချိန် မိနစ် ၉၀တွင် ဆာထရီယာနိုတို့က အသီးသီးသွင်းယူပေးခဲ့သည်။

ဂီတာဖေးအသင်းသည် စပိန်လာလီဂါပွဲစဉ်(၃၀) ယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၄၁မှတ်ဖြင့် အဆင့် (၈)နေရာတွင် ရပ်တည်လျက်ရှိသည်။

နိုင်ကမ္ဘာ

## မန္တလေးနှင့် ကလေးမြို့တို့တွင် တရားမဝင်သယ်ဆောင်ရောင်းဝယ်သည့် ငွေကျပ် တစ်ဘီလီယံကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၄ ဒသမ ၈ တန်ကျော် သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၅

မန္တလေးနှင့် ကလေးမြို့တို့တွင် တရားမဝင်သယ်ဆောင်ရောင်းဝယ်သည့် ငွေကျပ် တစ်ဘီလီယံကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၄ ဒသမ ၈ တန်ကျော် သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၁ ရက် ညနေ ၄ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက် ၂၆ လမ်း၊ ၅၇ လမ်းနှင့် ၅၈ လမ်းကြားရှိ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ အိမ်ရှင်ကိုဦးနှင့်အတူ ဇော်ဝင်းနိုင်(ခ)ဖိုးသားတို့အား တရားမဝင် သိုလှောင်ထားသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၁ ဒသမ ဝ၂၅ တန်၊ TOYOTA HILUX SURF ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ သိမ်းဆည်းရမိကဖင်းများကို စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ မန္တလေးမြို့သို့ NISSAN ခြောက်ဘီးယာဉ်ဖြင့် သယ်ဆောင်ခဲ့ကြသည့် ယာဉ်ပိုင်ရှင် မတင့်တင့်အေး၊ နိုင်လင်း၊ ဖြိုးကိုကိုနှင့် နိုင်ချမ်းအောင်တို့ လေးဦးကို မန္တလေးမြို့၌ ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့၏ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ ကဖင်းများကို ကလေးမြို့မှ မန္တလေးမြို့သို့ သယ်ဆောင်ခိုင်းသူ ညီညီဇော်(ခ)ဖိုးငယ်အား ကလေးမြို့ မြို့သာရပ်ကွက်ရှိနေအိမ်တွင် ထိန်းချုပ်ဓာတုပစ္စည်းများ သယ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် SANGDA KSD MPV ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ယင်း၏ ဖော်ထုတ်ချက်အရ ကလေးမြို့နေ ကဖင်းအိတ်များပိုင်ရှင် မခင်မို့မို့အေး(ခ)အန်တီမိုးနှင့် ပူးပေါင်းပါဝင်ခဲ့သည့် နေမျိုးလင်း(ခ) ရှော့ကီ (ခ)မုတ်ဆိတ်၊ မကြွယ်သင်ပါးရ်အီး(ခ) ပါးရ်အီးနှင့် ခိုင်လင်းထွဋ်တို့ကို ကလေးမြို့၌ ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်များအရ ကလေးမြို့ စမ်းမြို့ရပ်ကွက်ရှိ လားရင်မွှာနာ (ခ) မွမ်သဲ၏နေအိမ်မှ ကဖင်း ၃ ဒသမ ၈ တန် ထပ်မံဖော်ထုတ် သိမ်းဆည်းရမိခဲ့သဖြင့် မန္တလေးမြို့၌ သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်းကဖင်း ၁ ဒသမ ဝ၂၅ တန် (တစ်ကီလိုလျှင် ငွေကျပ် ၄ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၄၁၀၀)၊ ကလေးမြို့တွင် သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်းကဖင်း ၃ ဒသမ ၈ တန် (တစ်ကီလိုလျှင်ငွေကျပ် ၃ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၁၄ ဘီလီယံ) စုစုပေါင်း ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၄ ဒသမ ၈၂၅ တန် (၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၅၅ ဘီလီယံ) သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ ထိန်းချုပ်ဓာတုပစ္စည်းကဖင်းများကို မြန်မာ-အိန္ဒိယနယ်စပ် ချင်းပြည်နယ် ဖလမ်းမြို့နယ် ရိဒ်ခေါဒါရ်မြို့မှ ကလေးမြို့သို့ လည်းကောင်း၊ ကလေးမြို့မှ မန္တလေးမြို့သို့လည်းကောင်း တရားမဝင်တင်သွင်းသယ်ဆောင်ရောင်းဝယ်သူမှာ ချင်းပြည်နယ် ဖလမ်းခရိုင် ရိဒ်ခေါဒါရ်မြို့ မြန်မာ-အိန္ဒိယနယ်စပ်နေ မမားစောဆန်းအီး(ခ) ဆန်းအီး(ခ)သဲသဲ(ဖမ်းဆီးရန်ကျန်)ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




တရားခံ ဇော်ဝင်းနိုင်(ခ)ဖိုးသား၊ ကိုဦး၊ နိုင်လင်း၊ ဖြိုးကိုကို၊ နိုင်ချမ်းအောင်နှင့် မတင့်တင့်အေးတို့အား မန္တလေးမြို့တွင် သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၁ ဒသမ ဝ၂၅ တန်နှင့်အတူ တွေ့ရစဉ်။